ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ နတ်တော်လကွယ်၊ တနင်္ဂနွေနေ့၊ (9-1-2005) (၄၄၇၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသရေးတွင် မြို့နှင့်ကျေးလက်ကွာဟမှုနည်းပါးရေးအတွက် ကျေးလက်ဒေသအရောက် အထိရောက်ဆုံး ဆေးကုသမှုရရှိစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိ

အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင်များ ခွဲစိတ်မှုပံ့ပိုးငွေများ လှူဒါန်းပွဲကျင်းပ

ရန်ကုန်　ဇန်နဝါရီ　၈

ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဆောင်ရွက်မှုဖြင့် အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင်များအား ခွဲစိတ်မှုအတွက် ပံ့ပိုးငွေများလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သဃ်န်းကျွန်းစံပြဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့ တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဆောင်ရွက်မှုဖြင့် အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင်များ ခွဲစိတ်မှုအတွက် ပံ့ပိုးငွေများ လှူဒါန်းသည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြု

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နာဂရိုးရာနှစ်သစ်ကူး ပွဲတော်လာ
ဧည့်သည်များ တည်းခိုနေထိုင်ရေး
ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန်　ဇန်နဝါရီ　၈

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇန်နဝါရီ ၂ ရက်တွင် ခန္တီးမြို့သို့ ရောက်ရှိပြီး ခန္တီးမြို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမင်းဆွေနှင့် ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်တင့်တို့နှင့်အတူ နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပရေးနှင့် ပတ်သက်၍ ဆွေးနွေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၃ ရက်တွင် လဟယ်မြို့သို့ သွားရောက်ပြီး တစ်ထောက်နား စခန်းအဖြစ် စီစဉ်ဆောင်ရွက်ထားသော လောင်ငေါက်စခန်းနှင့် မွန်ထွေစခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လဟယ်မြို့သို့ ရောက်ရှိပြီး ၂၀၀၅ခုနှစ် နာဂရိုးရာနှစ်သစ်ကူး ပွဲတော်သို့လာရောက်မည့် ကမ္ဘာလှည့်ခရီးသည်များအတွက် ပြင်ဆင်ထားရှိသော အိပ်ခန်းဆောင်များ၊ ရေချိုးခန်းများ၊ သန့်စင်ခန်းများ၊ ရှုခင်းကြည့်ရန် နေရာများ၊ ပြခန်းများ၊ စားသောက်ခန်းမ၊ နာဂရိုးရာနတ်တိုင်နှင့် အဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ပြပွဲကျင်းပရေးတာဝန်ခံ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ကြေးမုံ The Mirror
ခေါင်းကြီး။သတင်း။ဆောင်းပါးအညွှန်း

ကျွမ်းကျင်ကူညီ ဆေးစစ်သည်များပီပီ မွန်မြတ်သော သူနာပြုများဖြစ်အောင် စွမ်းဆောင်။

(ခေါင်းကြီး) စာမျက်နှာ (၂)

ကမ္ဘာ့ဆီမီးကွန်ဒက်တာ ဈေးကွက်၌ အရောင်းအဝယ်အခြေအနေသည် ၂၀၀၅ခုနှစ်၌ ၂၀၀၄ခုနှစ်နှင့် နှိုင်းစာလျှင် ကျဆင်းမည်ဖြစ်ကြောင်း…။

နိုင်ငံတကာသတင်း　စာမျက်နှာ(၅)

ကျွန်တော်တို့နိုင်ငံမှာ ခရီးသွားဆိုင်ရာ ဟိုတယ်၊ လေယာဉ်လိုင်း၊ သင်္ဘောလိုင်းနှင့် ခရီးသွားကိုယ်စားလှယ်တို့သည် တက်ညီလက်ညီ စိတ်ဝမ်းတူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြင်ဆင်သင့်ကြသည်။

ချစ်ဆွေမြင့်၏ "ညီညွတ်ခြင်း၊မျှတခြင်း၊ ဈေးကွက်ထိန်းသိမ်းခြင်းနှင့် ခရီးသွားစီးပွား"　*(ဆောင်းပါး)　စာမျက်နှာ (၆)*

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(Newspaper)　1　1/2/32, 10:02

ကြေးမုံ The Mirror

၉-၁-၂၀၀၅
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမိန့်ဩဝါဒ

“လွတ်လပ်ရေးထက် တန်ဖိုးအနဂ္ဃထိုက်တန်ကြီးမြင့်သောအရာသည်မရှိ၊ ကမ္ဘာတည်သရွေ့ မြန်မာ့လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးအတွက် မျိုးချစ်စိတ်ထက်သန်သည့် မိမိတို့တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြပါစို့”

ကျွမ်းကျင်ကူညီ ဆေးစစ်သည်များပီပီ မွန်မြတ်သောသူနာပြုများဖြစ်အောင် စွမ်းဆောင်

လူ့အဖွဲ့အစည်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံး လိုအပ်ချက်မှာ ကျန်းမာရေးဖြစ်သည်။ ထို့အတူ လူမျိုးတစ်မျိုးလုံးအတွက် အရေးအကြီးဆုံးအချက်မှာလည်း အသက်ရှည်ကျန်းမာ အနာမဲ့ရေးပင်ဖြစ်ပေသည်။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်သည် ကျန်းမာကြံ့ခိုင်တိုက်နိုင်ရန်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်၏ မြေထု၊ရေထု၊ လေထုပိုင်နက်ကို ကာကွယ်စောင့်ရှောက် တာဝန်ထမ်းဆောင်နေကြသည့် စစ်သည်များ၏ ကျန်းမာ ကြံ့ခိုင်ရေး၊ ကိုယ်ခံအားကောင်းမွန်ရေးနှင့် ကာယဗလ တောင့်တင်းရေးတို့အတွက် ပြုစုစောင့်ရှောက်ပေးကြရမည်ဖြစ်သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားကို ဇန်နဝါရီလ ၇ရက်နေ့က ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ကျင်းပရာ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိန့်ခွန်းပြောကြားရာတွင် **နိုင်ငံတော်မူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုစိတ်ဓာတ်နဲ့ ကာကွယ်စောင့်ရှောက်ကြပါ၊ တပ်မတော်ရဲ့မွန်မြတ်တဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်းအမွေအဖြစ် ဆက်လက်သယ်ပိုးထမ်းဆောင်ကြပါ၊ လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝတဲ့ မွန်မြတ်သောသူနာပြုများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါ၊ ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန်ဆိုတဲ့ တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ရဲ့ ဆောင်ပုဒ်ကို ထူးခြားထက်မြက်စွာ ဖော်ဆောင်ကြပါ** ဟူ၍ မှာကြားခဲ့သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသား တပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးလျက်ရှိသည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းဆင်းစစ်သည်များသည် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် အရည် အသွေးမြင့် သူနာပြုများအဖြစ်သာမက စစ်ပညာရပ်များကိုပါ လေ့ကျင့်သင်ကြားတတ်မြောက်ခဲ့ကြပြီးဖြစ်ရာ စစ်ဘက်တာဝန်နှင့် သူနာပြုတာဝန်များကို ထမ်းဆောင်သွားကြရမည်ဖြစ်သည်။

သင်တန်းဆင်း သူနာပြုစစ်သည်များအနေဖြင့် စစ်မြေပြင်တွင် ထိခိုက်ဒဏ်ရာရသူများကို ရန်သူ့ပစ်ခတ်မှုအောက်တွင် တက်ရောက်ပြုစုရခြင်း၊ ကျန်းမာရေးအတွက် ပြန်လည်ထူထောင်ရာတွင် ဆက်လက်ပြုစု ကုသရခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရသည်ဖြစ်ရာ စွန့်လွှတ်စွန့်စားစိတ်ဓာတ် အပြည့်အဝရှိကြရမည်ဖြစ်သည်။

ထို့အပြင် တပ်မတော်သား သူနာပြုများဖြစ်သည်နှင့်အညီ တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာ(၁၂)ရပ်ကို သယ်ပိုးထမ်းဆောင်ခြင်းဖြင့် တပ်မတော်၏ဂုဏ်ရည်ကို စောင့်ထိန်းသွားကြရမည်ဖြစ်သည်။

တစ်ချိန်တည်းတွင် တပ်မတော်သားများအတွက် ရောဂါတားဆီးကာကွယ်ရေး၊ ရောဂါနှိမ်နင်းရေး၊ ကျန်းမာမှုမြှင့်တင်ရေး၊ ပြုစုကုသရေးနှင့် လူနာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မွန်မြတ်သည့်စိတ်ထားဖြင့် ထမ်းဆောင်ကြရမည်ဖြစ်သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တွင် သူနာပြုသိပ္ပံဘွဲ့သာမက ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ပညာ သိပ္ပံဘွဲ့ (ရောဂါရှာဖွေရေးပညာ)၊ ဆေးဘက်ပညာသိပ္ပံဘွဲ့(ဓာတ်မှန်ရိုက်ပညာ)၊ ဆေးဘက်ပညာသိပ္ပံဘွဲ့(ကာယကုသပညာ)များကိုပါ သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ရာ ထူးချွန်ထင်ရှားသည့် သူနာပြုများ ဖြစ်လာရေးအတွက် ဆက်လက်ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းဆင်းစစ်သည်များအနေဖြင့် ကျွမ်းကျင်ကူညီ ဆေးစစ်သည်များပီပီ တာဝန်ဝတ္တရားများကို စွန့်လွှတ်စွန့်စားစိတ်ဓာတ်ဖြင့် ကျေပွန်စွာထမ်းဆောင်ရင်း လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် မွန်မြတ်သောသူနာပြုများဖြစ်ရေး စွမ်းစွမ်းတမံ ကြိုးပမ်းစွမ်းဆောင်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကျေးလက်လမ်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဒီဇင်ဘာ ၂၉ရက် နံနက်ပိုင်းတွင် ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်နေသော အရှည်တစ်မိုင်၊ အကျယ် ၁၂ပေရှိကံသစ်-အောင်ချမ်းသာ ကျေးလက်လမ်း ကျောက်ခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပြီးစီးသွားသော ဘုတလင်- မောင်းထောင် ကျေးလက် ကျောက်ချောလမ်းကို ကြည့်ရှုစစ်ဆေးပြီး လမ်းကို ရေရှည်အသုံးပြုနိုင်ရန်အတွက် ကျေးရွာလူထုအား စည်းရုံးဆောင်ရွက်သွားရန်၊ လမ်းပခုံးသားများကို ပျက်စီးမှုမရှိစေဘဲ ယခုထက် ပိုမိုကောင်းမွန်အောင် ကြည့်ရှုထိန်းသိမ်းသွားရန်မှာကြားသည်။

စက်ခလုတ်နှိပ်ဖွင့်

ထို့နောက် ဒုတိယဝန်ကြီးသည် ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဦးစီးကျင်းပသည့် ခင်ဦးမြို့နယ် လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာသို့ ရောက်ရှိပြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အမှာစကားပြောကြား

ဆက်လက်၍ အခမ်းအနား အစီအစဉ်များကို ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေက အမှာစကား ပြောကြားသည်။

ယင်းနောက် ခင်ဦးမြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြပြီး မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် ကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကြသည်။

ကြိုတင်ပြင်ဆင်

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တည်ဆောက်ပြီးစီးသွားသော ဆိုင်ခန်းပေါင်း ၃၀၄ခန်းရှိ ခင်ဦးမြို့မဈေးသစ်ကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဈေးဖွင့်လှစ်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ရွှေဘိုမြို့နယ် ခွန်ထောင်ငယ်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ အမှုဆောင်အရာရှိဦးကျော်သူက စက်ရေတွင်း တူးဖော်ပေးရခြင်း ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရေရရှိရေး ကော်မတီဝင် ဦးနေဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် စက်ရေတွင်းကို ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဝင်းနိုင်နှင့်အမှုဆောင်အရာရှိဦးကျော်သူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရေဂါလန် ၁၈၀၀

အဆိုပါ စက်ရေတွင်းသည် နှစ်လက်မ အဝီစိတွင်းဖြစ်ပြီး တစ်နာရီလျှင် ရေဂါလန် ၁၈၀၀ ထွက်ရှိသဖြင့် ကျေးရွာလူထု ၄၈၃ ဦးအတွက်ကောင်းစွာ ရေဖူလုံသည်။

(သတင်းစဉ်)

ကတ္တရာလမ်းသစ်နှင့် ရေလှောင်ကန်တွင်းများ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ဗန်းမော်မြို့နယ် မြို့တွင်းလမ်းဖြစ်သော ရိုးကြီးလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်တွင် အဆိုပါ လမ်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်စည်ပင်သာယာအဖွဲ့ အမှုဆောင်အရာရှိဦးမင်းဇော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းသည်အရှည် ပေ ၃၆၀၀၊ အကျယ် ၁၂ပေရှိ၍ မူလကျောက်လမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျင်းပ

အလားတူ ကလေးမြို့ အောင်သစ္စာရပ်ကွက် မင်းရဲကျော်စွာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်တွင်အဆိုပါလမ်းဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အဆိုပါလမ်းသစ် ဖွင့်ပွဲတွင် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုက ကတ္တရာလမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေ၊ ကလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ဦးငွေထွန်းဦးနှင့် ကလေးမြို့ အောင်သစ္စာရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့အတူ ကန့်ဘလူမြို့ ပုပ္ပားကျေးရွာရှိ နှစ်လက်မ ရေလှောင်ကန်တွင်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်တွင် အဆိုပါ စက်ရေတွင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရေးဦးစွာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်က ပုပ္ပားကျေးရွာနှစ်လက်မ ရေလှောင်ကန်တွင်း တူးဖော်ဆောင်ရွက်ခြင်းနှင့် ကျေးလက်ဒေသရေကောင်းရေသန့် ရရှိရေးဆောင်ရွက်ခြင်း လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ရေလှောင်ကန်တွင်းကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ဦးဇော်ဝင်း၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ရေလှောင်ကန်တွင်းသည် အနက်ပေ ၇၀၀ရှိပြီး ရေချိုရေသန့် တစ်နာရီ ဂါလန် ၈၀၀ နှုန်း ထွက်ရှိပြီး ကျေးရွာပြည်သူများ သောက်သုံးရေ ဖူလုံစွာ ရရှိကြပြီဖြစ်သည်။ (သတင်းစဉ်)

အရှင်အာစာရာလင်္ကာရ တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၈

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ ကျောင်းတိုက်ကြီးမှ ဆရာတော် အရှင်အာစာရာလင်္ကာရအရှင်မြတ်သည် ဇန်နဝါရီ ၁၀ရက်တွင် ပဲခူးမင်္ဂလာစာသင်တိုက်၊ ၁၁ ရက် တွင် သာကေတ(၃)မာန်ပြေမာရဝိဇယဓမ္မာရုံ၊ ၁၂ ရက်နှင့် ၁၃ရက်တွင် အင်းစိန်ကြို့ကုန်း သီရိရတနာ ဓမ္မာရုံ၊ ၁၄ ရက်နှင့်၁၅ရက်တွင် မကွေးတိုင်း မင်းဘူးမြို့နယ် သနပ်ပင်စုရွာ ကျောင်းရေစက်ချပွဲ၊ ၁၆ ရက်တွင် မင်္ဂလာတောင်ညွန့်ဖို့မြေဓမ္မာရုံ၊ ၁၇ရက်နှင့် ၁၈ရက်တွင် သာကေတ(၃)မာန်ပြေ မာရဝိဇယဓမ္မာရုံ၊ ၁၉ရက်တွင် တာမွေကျောက်မြောင်း ကျားကွက်သစ် ကုဋ္ဌာသယလမ်း၊ ၂၀ရက် တွင် ကျုံပျော်မြို့ မဟာပညာရုံသီ ဘုရားပွဲ၊ ၂၁ ရက်နှင့် ၂၂ ရက်တွင် ကွမ်းခြံကုန်းမြို့ မလွန်ဆန်လှူ ဓမ္မသဘင်၊ ၂၃ရက်တွင် သုံးခွမြို့ ရှစ်မြောင့်စေတီဗုဒ္ဓလမ်းစဉ်ဓမ္မသဘင်၊ ၂၄ရက်နှင့် ၂၅ ရက်တွင် ကွမ်းခြံကုန်း မြို့ မလွန်ဆန်လှူ ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်အဆင့် အခြေခံကျောင်းများ စာပေအနုပညာ ပြိုင်ပွဲနှင့် ကျပန်း စကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးတည်ချက်များနှင့်အညီ ကျွမ်းကျင်ပညာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ဝန်ကြီးဌာန အသီးသီးအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ ဝင်ရောက် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသော ဆောင်းပါး ခေါင်းစဉ်မှာ **"ရာစုသစ်နှင့်တပ်မတော်"** ဖြစ်သည်။ ဆောင်းပါးရေးသားရာတွင် ပေးထားသော ခေါင်းစဉ်နှင့်ကိုက်ညီခြင်း၊ အကြောင်းအရာ အချက်အလက်ပြည့်စုံခြင်း၊ အရေးအသား ရှင်းလင်းပြေပြစ်ခြင်း၊ သတ်ပုံသတ်ညွှန်းမှန်ကန်ခြင်း၊ အစီအစဉ်ကျခြင်း အင်္ဂါရပ်များနှင့် ညီညွတ်အောင်ရေးရမည့်အပြင် စာလုံးရေ ၃၀၀၀မှ ၅၀၀၀ အတွင်း ရေးသားရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်သူများသည် မိမိတို့ကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများ၌ ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ပြိုင်ပွဲဝင်သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ (နှစ်လက်မခွဲ x နှစ်လက်မ အရွယ်)နှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

ယှဉ်ပြိုင်လိုသည့် ဆရာ၊ ဆရာမများသည် ယှဉ်ပြိုင်မည့် ဆောင်းပါးကို ဖေဖော်ဝါရီ ၁၅ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အဆင့်မြင့်ပညာ ဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်ထံ တိုက်ရိုက်ပေးပို့ယှဉ်ပြိုင်နိုင်သည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီစစ်ရေးတေးပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၅ခုနှစ် မတ် ၂၇ရက်တွင်ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီစစ်ရေးတေးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

ချီးမြှင့်မည်

စစ်ချီတေးပြိုင်ပွဲနှင့် ပတ်သက်၍ အလွတ်တန်းအဆင့်တစ်ဆင့်တည်းသာ သတ်မှတ်ထားပြီး စစ်ရေးတေးပြိုင်ပွဲ အနေဖြင့် အဆင့်(၁)နှင့် အဆင့်(၂) နှစ်ဆင့် သတ်မှတ်ထားသည်။ ပြိုင်ပွဲအဆင့်တိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အထူးဆုများကိုပါ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် တေးသီချင်းများ၏ စည်းကမ်းသတ်မှတ်ချက်များမှာ စစ်ချီစစ်ရေးတေးပြိုင်ပွဲအတွက် နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏ အစဉ်အလာ (၁၂)ရပ်တို့အပေါ်တွင်အခြေပြု၍ ဘောင်ဝင်အောင်ရေးစပ်သီကုံးကြရမည်။

စစ်ချီတေးအတွက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စစ်ရေးတေးအတွက် အဆင့်(၁)နှင့် အဆင့်(၂) ဟူ၍ နှစ်ဆင့်ခွဲခြားထားမည်ဖြစ်ရာ အဆင့်(၁)ရှိသူ ဂီတစာဆိုနှင့် တေးသံရှင်များအား အဆင့်(၂)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ဘဲ စစ်ရေးတေးအဆင့်(၂)တွင် ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယရရှိသူများကိုလည်း အဆင့်(၁)တွင်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အနေဖြင့်သော်လည်းကောင်း သီချင်းတစ်ပုဒ် ကိုသာ ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင် စစ်ချီတေးသီချင်းများသည် စစ်ချီသီချင်း စပ်ထုံးစပ်နည်းစနစ်များနှင့် အညီ ကိုက်ညီရမည်။ ပြိုင်ပွဲဝင် စစ်ရေးတေးသီချင်းများသည် မြန်မာ့တေးသွား၊ မြန်မာ့ဟန် ဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စစ်ချီ၊ စစ်ရေးတေးအားလုံးသည် ကိုယ်ပိုင်သံစဉ် တေးသွားဖြစ်ရမည်။ မြန်မာ့တေး စပ်ထုံးစပ်နည်းများနှင့် အညီ အပိုဒ်၏အဆုံးချကာရန်များ တူညီရမည်။ အချိန် လေးမိနစ်မှ ခြောက်မိနစ်အတွင်းသာ ဖြစ်ရမည်။

ပြိုင်ပွဲဝင်သီချင်းများကို ခိုင်ခံ့သော အဆိုနှင့် ပြည့်စုံသော တီးခတ်မှုများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင် ကက်ဆက်တိပ်ခွေ (သို့မဟုတ်) REEL(သို့မဟုတ်) DAT ခွေတစ်ခွေတွင် တေးသီချင်းတစ်ပုဒ်သာ အသံသွင်းယှဉ်ပြိုင်ရမည်။ ခေါင်းစဉ်ကို သင့်လျော်သလို ပေးနိုင်သည်။

ပေးပို့ရမည်

ပြိုင်ပွဲဝင် တေးသီချင်းစာသားကို လက်နှိပ်စက်မိတ္တူ ၁၀ရွက်နှင့် Music Notes မူရင်းတစ်ရွက်ကို ကက်ဆက်ခွေ (သို့မဟုတ်) REEL (သို့မဟုတ်) DAT တိပ်ခွေနှင့် တစ်ပါတည်း ပူးတွဲတင်ပြရမည်။ ပြိုင်ပွဲဝင် တေးရေးသူ တေးဆိုသူတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ(နှစ်လက်မXနှစ်လက်မခွဲ)အရွယ် သုံးပုံ ပူးတွဲပေးပို့ရမည်။

ပဏာမ ရွေးချယ်ခံရသူများအား အကြောင်းကြားမည်။ ပဏာမရွေးချယ်ခံ တေးများသည် အပြီးသတ် ရွေးချယ်ခံနိုင်ရန်အတွက် ပြန်လည်အသံသွင်းပြီး အသံသွင်းကြိုးခွေတိပ်ခွေဖြင့် ထပ်မံယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင် တေးသီချင်းများကို ဇန်နဝါရီ ၂၈ရက်နောက်ဆုံးထား၍ ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ်အနီး ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးတွင် စိန်မျှားဆေးပေါ့လိပ်မိသားစုက စတုတ္ထအကြိမ်မြောက် တရားပွဲကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၂ရက်၌ အရှင်ဆန္ဒာဓိကနှင့် ဇန်နဝါရီ ၁၃ရက်၌ ဓမ္မဒူတအရှင်ဆေကိန္ဒတို့က ည ၇နာရီမှစ၍ ဟောကြားမည်ဖြစ်သည်။ (က–ပ)

ဇန်နဝါရီ ၃ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြတ်မင်္ဂလာခန်းမတွင် ကျင်းပသည့် ပညာရေးစုံညီပွဲတော်၌ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မိရွှေစင်ဆုမွန်အား ကျောင်းအုပ်ဆရာကြီး ဦးလှသောင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၁၄)

ဇန်နဝါရီ ၃ရက်က သာကေတမြို့နယ် အလက(၇)တွင် ဘက်စုံပညာ ထူးချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကိုကျင်းပရာ ပန်းချီရေးဆွဲထူးချွန် ပထမဆုရရှိသူ အဋ္ဌမတန်း(က)မှ မဝေလှယဉ်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီ ဆုချီးမြှင့်စဉ်။ (က–ပ)

တောင်တွင်းကြီးမြို့နယ်အသင်း အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကိုဇန်နဝါရီ ၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေတိဂုံ တောင်ဘက်မုခ် သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ (၇၅)နှစ်နှင့်အထက် ကန်တော့ခံမည့် ကိုယ်တိုင်အသင်းဝင်၊ ဇနီး၊ခင်ပွန်း၊ အတူနေနှစ်ဖက်မိဘများ စာရင်း၊ ၂၀၀၃နှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲများတွင် ဂုဏ်ထူးရ အသင်းဝင် သားသမီးများ၊ အမှတ်စာရင်းတင်ပြကြရန်နှင့် အသင်းဝင်များနှင့် နယ်သူ၊ နယ်သားများ တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်ကြရန် နှိုးဆော်ထားသည်။ (က–ပ)

သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်စည်းဝေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ဆည်မြောင်း ဝန်ထမ်းဟောင်းများအသင်း ဒသမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကင်းမြို့နယ်၊ သစ္စာလမ်း၊ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) ခန်းမတွင် ကျင်းပမည်ဖြစ်ရာ အလှူငွေ ထည့်ဝင်လှူဒါန်းလိုသူများသည် လက်ထောက်ညွှန်ကြားရေးမှူး (စီမံရေးရာ)ရုံးချုပ် ဒေါ်အေးမြ ဖုန်း–၅၇၈၁၂၀ နှင့် ညွှန်ကြားရေးမှူး(ငြိမ်း) ဦးရှိန်လင်း ဖုန်း–၅၇၈၁၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ် စာပေဘာသာရပ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းက စာပေဘာသာဘက်စုံဆုရရှိသူတစ်ဦးအားဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၈

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ် စာပေဘာသာရပ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါကျောင်းရှိ နဝရတ်ဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက နိုင်ငံတော်သီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ်၌ စတုတ္ထတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်းတို့တွင် ဘာသာစုံထူးချွန်ဆုရရှိသူများနှင့် စာပေဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ဒဂုံမြို့နယ် ပညာရေးမှူး ဦးဝင်းလှိုင်ထိန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်း၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများက ဆုများချီးမြှင့်ကြသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၃ရက်က အမက(၁၃) မင်္ဂလာတောင်ညွန့်မြို့နယ် ပညာရေးစုံညီပွဲတော်၌ သူငယ်တန်းမှဆုရရှိသူ မောင်မြတ်မင်းအား ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်လွင် ဆုချီးမြှင့်စဉ်။ (က–ပ)

ဘဂ္ဂဒက် မြောက်ပိုင်း ဆာမာရာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသူတစ်ဦး ဆေးဝါးကုသမှုခံယူနေသည်ကို ဇန်နဝါရီ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်တွင်သေဆုံးခဲ့သူ ကန် အလုပ်သမားလေးဦး၏ကိစ္စ မိသားစုများက ကုမ္ပဏီအား တရားစွဲ

ဘဂ္ဂဒက် ဇန်နဝါရီ ၇

အီရတ်နိုင်ငံတွင် အသတ်ခံရသည့် လုံခြုံရေးကန်ထရိုက်လုပ်သားလေးဦး၏ မိသားစုများက ၎င်းလုပ်သား များ၏ ကုမ္ပဏီဟောင်းကို ဗုဒ္ဓဟူးနေ့က တရားစွဲဆိုလိုက်သည်။

ဘလက်ဝါတား လုံခြုံရေးဆိုင်ရာ အကြံပေးကုမ္ပဏီ ဖြတ်လမ်းလိုက်မှုကြောင့် ဖော်ပြပါ ကန်ထရိုက်အလုပ်သမားများ ယမန်နှစ်က သေဆုံးခဲ့ရကြောင်း ကျန်ရစ်သူမိသားစုများက အခိုင်အမာ ပြောကြားခဲ့သည်။

ရင်ဆိုင်ထား

၎င်းအလုပ်သမားများအား သင့်တင့်လျောက်ပတ်သည့် ပစ္စည်းကိရိယာမပေးသည့်ပြင် ၎င်းတို့လိုက်ပါသည့် ပစ္စည်းယာဉ်တန်းကိုလည်း ကာကွယ်စောင့်ရှောက်မည့် လုံခြုံရေးမပါရှိဘဲ ဖလူးဂျာမြို့သို့ စေလွှတ်ခဲ့ကြောင်း တရားရုံးတွင် ရင်ဆိုင်ထားသောအမှုအရ သိရသည်။

တိုင်တန်းထား

အဆိုပါ အမေရိကန် နိုင်ငံသားအလုပ်သမားလေးဦးသည် သံချပ်ကာယာဉ်မရှိ၊ လုံခြုံရေးအဖွဲ့ဝင် အနည်းဆုံး ရှိသင့်သည့်ဦးရေပင် မပါရှိသည့်အခြေအနေမျိုးဖြင့် လွန်စွာ အန္တရာယ်ကြီးလှသော ဖလူးဂျာမြို့သို့ ရောက်ရှိပုံကို သိရှိကြသဖြင့် မတော်တဆမှုကြောင့် သေဆုံးခြင်းမဟုတ်ကြောင်း တိုင်တန်းထားသည့်အမှုတွင် ပါရှိသည်။

အဆိုပါလုပ်သားများ မသေဆုံးမီရက်သတ္တပတ်က ဘလက်ဝါတားကုမ္ပဏီက ကန်ထရိုက် အလုပ်သမားများအတွက် သံချပ်ကာယာဉ် အသုံးပြုသင့်ကြောင်း တောင်းဆိုသည့် စီမံကိန်းမန်နေဂျာအား ပစ်တင်မောင်းမဲ့ကြောင်း ယင်းအမှုတွင် ဖော်ပြထားသည်။

ဘလက်ဝါတားကုမ္ပဏီက အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့သည့် လုပ်ဖော်ကိုင်ဖက် လေးဦးသေဆုံးမှုအပေါ် ဝမ်းနည်း ကြေကွဲကြောင်း ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း ကြေညာချက်တွင်ပါရှိသည်။

အင်တာနက်။

အကြမ်းဖက်သူဟု သင်္ကာမကင်းသူများအား ထောင်ဒဏ်တစ်သက်ပေးမည့် ကန်အစီအစဉ်ကို လွှတ်တော်အမတ်ရှုတ်ချ

ဝါရှင်တန် ဇန်နဝါရီ ၆

အစိုးရက အကြမ်းဖက်သမားများဟု သင်္ကာမကင်းသူများအား အထောက်အထားမရှိဘဲ ရုံးတင်တရားစွဲကာ ထောင်ဒဏ်တစ်သက် ချမှတ်မည့်အစီအစဉ်ကို ရီပတ်ဘလီကင် အထက်လွှတ်တော် အမတ်တစ်ဦးက တနင်္ဂနွေနေ့တွင် ရှုတ်ချလိုက်ပြီး ညံ့ဖျင်းသည့်အတွေးအခေါ်ဖြစ်ကြောင်း ဝေဖန် ပြောကြားလိုက်သည်။

အကြမ်းဖက်သမားများဟု သင်္ကာမကင်းသူများအား လွှတ်ပေးရန် သို့တည်းမဟုတ် ပြည်ပတရားရုံးများသို့ လွှဲပြောင်းပေးရန် အမြဲတမ်းကိုင်တွယ်ဖြေရှင်းနိုင်ရန် အိမ်ဖြူတော်က ဆုံးဖြတ်ရေးအတွက် အမေရိကန်စစ်ဌာနချုပ်နှင့် စီအိုင်အေက မေတ္တာရပ်ခံထားကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ထောက်လှမ်းရေး၊ ကာကွယ်ရေးနှင့် သံတမန်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား ကိုးကား၍ ရေးသားဖော်ပြသည်။

ရှုတ်ချ

အချို့သော အကျဉ်းချထားမှုများသည် ထောင်ဒဏ် တစ်သက်ကာလ အထိရောက်ရှိသွားနိုင်ကြောင်း သတင်းစာက ဆက်လက်ရေးသားသည်။

သြဇာတိက္ကမရှိသည့် ဖော်ပြပါ အထက်လွှတ်တော်အမတ်က အမေရိကန်အစိုးရ၏ အထက်ပါ သဘောထားသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု မရှိနိုင်ကြောင်း ရှုတ်ချ ပြောကြားသည်။

ပြောကြား

ယင်းသဘောထားသည် ညံ့ဖျင်းလုကြောင်း၊ ယင်းသဘောထားကို ဖယ်ရှားသင့်ကြောင်း၊ အခြေခံဥပဒေနှင့် လျော်ညီရန် သတိထား ဆောင်ရွက်သင့်ကြောင်း အထက်လွှတ်တော် ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌဖြစ်ပြီး အင်ဒီယာနာပြည်နယ် ရီပတ်ဘလီကင် အထက်လွှတ်တော် အမတ်လည်းဖြစ်သူ ရစ်ချတ်လူဂါက ရုပ်မြင်သံကြား အစီအစဉ်တစ်ခုနှင့် တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

မစ်ချီဂန်ပြည်နယ်မှ အထက်လွှတ်တော်အမတ် ကားလ်လီဗင်ကလည်း အမေရိကန် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်များကို စောစောပိုင်းက ကိုးကားပြောကြားခဲ့သည်။ လူအများအား ထောင်ဒဏ်တစ်သက် သို့တည်းမဟုတ်နှစ်များစွာ ဆက်လက်ထိန်းသိမ်းရန်အတွက် အထောက်အထား အကိုးအကားများ ရှိရမည်ဖြစ်ကြောင်း ကားလ်လီဗင်က ပြောကြားသည်။

ဝေဖန်မှုမရှိ

အိမ်ဖြူတော်က ယင်းကိစ္စနှင့်ပတ်သက်၍ ရတ်ခြည်းအားဖြင့် တုံ့ပြန်မှုမပြုသေးပေ။ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဝေဖန်မှုမရှိသေးပေ။ အမေရိကန် စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး လေတပ်ဒုတိယဗိုလ်မှူးကြီးအယ်လင် ကရန်ကီက ယင်းအစီအစဉ်နှင့် စပ်လျဉ်း၍ သတင်းမရရှိသေးကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်တွင် တိုက်ခိုက်မှုကြောင့် ဗြိတိန်နိုင်ငံသားသုံးဦး သေဆုံးကြောင်း အတည်ပြုပြောကြား

လန်ဒန် ဇန်နဝါရီ ၆

ဗြိတိန်နိုင်ငံသားသုံးဦး အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒက် ပေါက်ကွဲမှုတွင် သေဆုံးခဲ့ကြောင်း ဗြိတိသျှအစိုးရက တနင်္လာနေ့နှောင်းပိုင်းက အတည်ပြုပြောကြားခဲ့သည်။

ဗြိတိသျှနိုင်ငံခြားရေးရုံးက သေဆုံးသူများ၏ ဆွေမျိုးသားချင်းများထံသို့ အကြောင်းကြားရန်ကိစ္စသည် ပထမဦးစားပေးလုပ်ငန်းဖြစ်ကြောင်းပြောကြားသော်လည်း နောက်ထပ် အသေးစိတ်သတင်းပြောကြားခြင်း မရှိပေ။အဆိုပါဗြိတိသျှအရပ်သား သုံးဦးသည် ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခုတွင် လုပ်ကိုင်နေသူများ ဖြစ်ကြောင်း ဘီဘီစီသတင်းအရ သိရသည်။

အမေရိကန်နိုင်ငံသား အရပ်သားတစ်ဦးနှင့် ဗြိတိသျှအရပ်သားသုံးဦးတို့ တင်ဆောင်လာသည့် မော်တော်ယာဉ်နှင့် အမေရိကန် တပ်ဖွဲ့ဝင်များ ကြပ်မတ်နေသည့် စစ်ဆေးရေးဂိတ်အသေခံ ကားဗုံးဖောက်ခွဲမှုကြောင့် ပျက်စီးသွားခဲ့ကြောင်း ဖော်ပြပါသတင်းအရသိရသည်။

အီရတ်နိုင်ငံတစ်ဝန်းအခြားအသေခံဗုံးဖောက်ခွဲမှု သုံးခုထက်မနည်းနှင့် အခြားတိုက်ခိုက်မှုများကြောင့်လူ ၃၀ဦးထက်မနည်း သေဆုံးခဲ့ပြီးနောက် ဖော်ပြပါ ဗုံးဖောက်ခွဲမှု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကျန်းမာရေးအတွက်အစားအစာအမယ်စုံစားသုံးသင့်ကြောင်း ဇင်ဘာဘွေလူထုသို့ တိုက်တွန်း

ဇင်ဘာဘွေ ဇန်နဝါရီ ၆

ဇင်ဘာဘွေနိုင်ငံတွင် လတ်တလောရင်ဆိုင်နေရသော ပြဿနာမှာ အာဟာရဓာတ် မပြည့်ဝမှုပင် ဖြစ်ကြောင်း၊ ထိုပြဿနာကို ဖြေရှင်းနိုင်ရန် ပြည်သူများအား အစားအစာမျိုးစုံကို စားသုံးရန် ဇင်ဘာဘွေနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာဝန်ကြီးအိုလီဗာဒကမူချိနာကပြောကြားသည်ကို ဒေသဆိုင်ရာ သတင်းဌာနမှ ဇန်နဝါရီ၅ရက်က ဖော်ပြခဲ့သည်။

ဇင်ဘာဘွေနိုင်ငံ၏ အစားအသောက်ကုန်စည်ပြပွဲကို ယခုနှစ် ဇန်နဝါရီ ၂၇ရက်မှ ၂၉ရက်အထိ ကျင်းပဖွင့်လှစ်မည်ဖြစ်ကြောင်း ဝန်ကြီးမူချိနာက ဇန်နဝါရီ ၄ရက်တွင် ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတစ်ခု၌ပြောကြားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံ၏ အစားအစာနှင့် အာဟာရချို့တဲ့မှုပြဿနာကို ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ ထိုစားသောက်ကုန်ပြပွဲကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ဝန်ကြီးမူချိနာက ပြောကြားသည်။

ပြည်သူများသည် အစားအစာမျိုးစုံကို စားသုံးလျှင် ဇင်ဘာဘွေနိုင်ငံသည် ပို၍ ကျန်းမာသောနိုင်ငံ ဖြစ်လာမည်ဖြစ်ပြီး အာဟာရချို့တဲ့မှု ပြဿနာကိုလည်း ရင်ဆိုင်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ဇင်ဘာဘွေနိုင်ငံ ရင်ဆိုင်နေရသော အာဟာရချို့တဲ့မှုပြဿနာတွင် အဓိကအားဖြင့် အမျိုးအစားသုံးမျိုးပါဝင်သည်။ အသားဓာတ် ပရိုတိန်းချို့တဲ့မှုပြဿနာ၊ ကစီဓာတ်ချို့တဲ့မှု ပြဿနာနှင့် ဗီတာမင်နှင့် သတ္တုဓာတ်ချို့တဲ့မှု ပြဿနာတို့ဖြစ်သည်။

ဇင်ဘာဘွေတို့၏ သမားရိုးကျအစားအစာနေရာတွင် အနောက်တိုင်းအစာများ ပြောင်းလဲစားသုံးရန် တိုက်တွန်းခြင်းမဟုတ်ကြောင်း၊ မိမိတို့၏ အစဉ်အလာအစားအစာများကို သင့်တင့်လျောက်ပတ်သလို စုံလင်စွာစားသုံးသင့်ကြောင်းဝန်ကြီးမူချိနာကပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကန်တပ်ဖွဲ့ဝင် ခုနစ်ဦး ဘဂ္ဂဒက်တွင်သေဆုံး

ဝါရှင်တန် ဇန်နဝါရီ ၇

ဘဂ္ဂဒက် အနောက်မြောက်ပိုင်းဒေသတွင် ကင်းလှည့်ယာဉ်တစ်စီးကြာသပတေးနေ့ညက လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ကန်တပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့ကြကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့်ဘရက်ဒလေတိုက်ခိုက်ရေး မော်တော်ယာဉ်သည် အင်အားပြင်းထန်သည့် လမ်းဘေးဗုံးနင်းမိ၍ပေါက်ကွဲမှုဖြစ်ပွားကာ ယာဉ်ပေါ်စီးနင်းလိုက်ပါလာသူအားလုံး သေဆုံးကုန်ကြောင်းဖြင့် အမေရိကန်စစ်ဘက်က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ဝန်ကြီးချုပ်အာလာဝီ၏အိမ်အနီး ဇန်နဝါရီ ၃ ရက်က ဗုံး ဖောက်ခွဲတိုက်ခိုက်ခံရအပြီး ပျက်စီးမီးလောင်နေသော မော်တော်ယာဉ်ကို မီးငြိမ်းသတ်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကန်စစ်အခြေခံစခန်းများရွှေ့ပြောင်းမှု ပိုလန်ပြည်သူဆန့်ကျင်

ဝါဆော ဇန်နဝါရီ ၆

ဂျာမနီနိုင်ငံမှ အမေရိကန် စစ်အခြေစိုက်စခန်း အများအပြားကို ပိုလန်နိုင်ငံသို့ ရွှေ့ပြောင်းနေမှုအပေါ် ပိုလန်ပြည်သူလူထု ထက်ဝက်ကျော်က ဆန့်ကျင်လျက်ရှိကြကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် သဘောထားကောက်ယူမှုစစ်တမ်းအရ သိရသည်။

၅၄ရာခိုင်နှုန်းသော ပိုလန်ပြည်သူက အမေရိကန်စစ်ဘက်ဆိုင်ရာ အခြေခံစခန်းများကို ပိုလန်နိုင်ငံသို့ ရွှေ့ပြောင်းမှုကို ဆန့်ကျင်ကြပြီး ၅၀ရာနှုန်းသော ပြည်သူက အမေရိကန်လေတပ်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ရန်အတွက် လေတပ်အခြေစိုက် စခန်းများတည်ဆောက်မှုအား ဆန့်ကျင်ကြသည်ဟု အဆိုပါ စစ်တမ်းအရသိရသည်။

ပိုလန်နိုင်ငံသည် အကြမ်းဖက်တိုက်ခိုက်မှုများ၏ ပစ်မှတ်ဖြစ်လာမည်ကို ပိုလန်ပြည်သူလူထုက အဓိကအားဖြင့် စိုးရိမ်ကြခြင်းဖြစ်သည်။

သို့ရာတွင် အချို့သောပိုလန်ပြည်သူများကမူ အထူးပစ္စည်းကိရိယာများတပ်ဆင်ထားသည့်အခြေစိုက်စခန်းငယ်များ တည်ဆောက်မှုအပေါ် ဆန့်ကျင်မှု မရှိကြပေ၊ အဘယ်ကြောင့်ဆိုသော် ယင်းအခြေစိုက် စခန်းများက ပိုလန်နိုင်ငံလေကြောင်းပိုင်နက်၏ လုံခြုံရေးကို အထောက်အကူ ဖြစ်နိုင်သည်ဟု ယူဆထား၍ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်

ဟန်္နွိုင်း ဇန်နဝါရီ ၇

၂၀၀၅ ခုနှစ် နှစ်ဦးကာလအတွင်း ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်လာရောက်သည့် ကမ္ဘာလှည့်ခရီးသည် ဦးရေသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ပိုမိုများပြားလာကြောင်း ဗီယက်နမ် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့ နည်းတူ ပင်လယ်ကမ်းခြေ အပန်းဖြေ စခန်းများရှိသည့် ဗီယက်နမ်နိုင်ငံသို့ အများစုအားဖြင့် ဥရောပတိုက်သား များဖြစ်သော ကမ္ဘာလှည့်ခရီးသည် များ ပိုမိုလာရောက်လျက်ရှိကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များသည် ဆောင်းဥတု အအေးဒဏ်ကို ရှောင်ရှားလို သည့်အတွက်လည်း ပူနွေးသော ရာသီဥတုရှိသည့် ဗီယက်နမ်နိုင်ငံသို့ လာရောက်ကာ အားလပ်ရက်အပန်းဖြေမှု များပြုလုပ်ကြကြောင်း ကမ္ဘာလှည့် ခရီးသွား လုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

ယခုနှစ်၏ ပထမဆုံးသောလေးရက် တာကာလတွင် ဗီယက်နမ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၁၀၀၀၀ ကျော် လာရောက်ခဲ့သည်။ ဇန်နဝါရီလ ပထမ သုံးရက်တာကာလတွင် နွိုင်ဘိုင်း နိုင်ငံတကာလေဆိပ်နှင့် တန်ဆွန်နတ် နိုင်ငံတကာလေဆိပ်တို့မှ တစ်ဆင့် ဗီယက်နမ်နိုင်ငံအတွင်းသို့ ဝင်ရောက် လာသည့် နိုင်ငံခြားသား ခရီးသည် ဦးရေသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ၏ နောက်ဆုံးနေ့ရက်များ ကာလနှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်း ပိုမို မြင့်မားလာသည်။

မြို့တော်ဟန်္နွိုင်းနှင့် ဟိုချီမင်းမြို့တို့ရှိ ဟိုတယ်ကြီးများတွင် အခန်း အရေ အတွက်၏ ၇၅ ရာခိုင်နှုန်းခန့်မှာ ဇန်နဝါရီလအတွက် ကြိုတင်စာရင်း ပေးထားပြီးဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ ခရီးသွားကဏ္ဍကို မြှင့်တင်နိုင်ရန် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေခြင်း၊ ဟိုတယ်များ အဆင့်မြှင့်ခြင်းနှင့် ခရီးသွားလုပ်ငန်း အစီအစဉ်များ လုပ်ဆောင်ခြင်းတို့ဖြင့် ကြိုးပမ်းလျက်ရှိသည်ဆိုသည်။

အမ်အင်အေ၊ဆင်ပွား။

ဖူဂျီယားမားတောင်ကြီးကို နောက်ခံပြုလျက် မြင်တွေ့ရသော ဂျပန်နိုင်ငံ တိုကျိုမြို့၏ ညနေခင်းအလှကို မြင်တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေနံဝယ်လိုအား ဆက်လက်ကောင်းမွန်ရန် ရေနံရောင်းနိုင်ငံများ ကြိုးပမ်းလျက်ရှိ

နယူးဒေလီ ဇန်နဝါရီ ၇

အရှေ့အလယ်ပိုင်း ရေနံထုတ်လုပ် ရောင်းချသည့်နိုင်ငံများက ရေနံထုတ် လုပ်မှုကို ၎င်းတို့က တိုးချဲ့အကောင် အထည်ဖော်နေစဉ် ရေနံဝယ်လိုအား ဆက်လက် ကောင်းမွန်နေရန် လိုအပ် ကြောင်းဖြင့် ကြာသပတေးနေ့က အလေးအနက် ပြောကြားသည်။

လိုလားကြ

ရေနံထုတ်လုပ်ရေးစွမ်းအား မြှင့်တင် ရန် အဓိက ရင်းနှီးမြှုပ်နှံမှု စီမံကိန်း များ ချမှတ်ဆောင်ရွက်ခြင်းမပြုမီ ရေနံ ထုတ်လုပ်သည့် နိုင်ငံများက ရေနံ ဝယ်လိုအားကို အာမခံပေးရန် လိုလား ကြကြောင်းဖြင့် အာရပ်စော်ဘွားများ နိုင်ငံ (ယူအေအီး) ရေနံဝန်ကြီး မိုဟာမက်ဘင်အယ်ဟမ်လီက နယူး ဒေလီ၌ ပထမဆုံးကျင်းပသည့် စွမ်းအင် လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ပြောကြားလိုက်သည်။

ရေနံဝယ်ယူသုံးစွဲသည့် နိုင်ငံများ က ရေနံရောင်းလိုအား အာမခံချက် ရယူရန် ကြိုးပမ်းစဉ်တွင် ရေနံရောင်း နိုင်ငံများအနေဖြင့် ရေနံထုတ်လုပ်ရေး စွမ်းအားမြှင့်ရေး ရင်းနှီးမြှုပ်နှံမှု ကာမိ စေရန် ရေနံဝယ်လိုအား အာမခံ ချက်ရရှိစေရန် လိုလားကြောင်းဖြင့် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စွမ်းအင်ဝန်ကြီး အဗ္ဗဒူလာဘင်ဟာမက် အယ်အာတီးယားက ပြောကြားလိုက် သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ အီရန်၊ အိုမန်၊ ကာတာ၊ ယူအေအီး၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ်၊ ဂျပန်နှင့် တောင် ကိုရီးယား ကိုယ်စားလှယ်များ တက် ရောက်ကြသည်။ ဤဒေသထွက် ရေနံ သုံးပုံနှစ်ပုံကို အာရှက ဝယ်ယူသုံးစွဲ နေကြသည်။ **အမ်အင်အေ၊ဆင်ပွား။**

နိုင်ငံတကာသတင်းများ

တရုတ်ကုမ္ပဏီ သံမဏိ ထုတ်လုပ်သမျှ

ရှန်ဟဲ ဇန်နဝါရီ ၆

တရုတ်ပြည် ရှန်ဟဲအခြေစိုက် ဘောင်စတီးကုမ္ပဏီက ၂၀၀၄ ခုနှစ် အတွင်းတွင် သံမဏိ တန်ချိန် ၂၁ ဒသမ ၃၈သန်း ထုတ်လုပ်သည်။ နှစ်စဉ် သံမဏိတန်ချိန် သန်း ၂၀၀ ကျော်ထုတ်လုပ်နိုင်သည့် သံမဏိ ကုမ္ပဏီဖြစ်သည်။ လွန်ခဲ့သည့်နှစ် အတွင်း သံမဏိထုတ်လုပ်ရောင်းချငွေ မှာ ယွမ်ငွေ ဘီလီယံ ၁၆၀ ဖြစ်သည်။

၂၀၁၀ ပြည့်နှစ်အတွင်း ကမ္ဘာ့ အကြီးဆုံး သံမဏိကုမ္ပဏီကြီး သုံးခု တွင် ဤကုမ္ပဏီပါဝင်သည် ဟူသော ရည်မှန်းချက်ဖြင့် ဘောင်စတီးကုမ္ပဏီ သည် ၂၀၀၅-ခုနှစ်အတွင်းတွင် ယခု ထက် ပိုထုတ်ကာ စံချိန်တင်ထုတ်လုပ် သည်ဟုဆိုသည်။**အမ်အင်အေ၊ဆင်ပွား။**

ဆန်တန်ချိန် ၅၀၀၀၀၀ ဗီယက်နမ်မှ တင်ပို့မည်

ဟန်္နွိုင်း ဇန်နဝါရီ ၇

ဗီယက်နမ်နိုင်ငံရှိ စီးပွားရေး လုပ်ငန်းများအနက် ဆန်တန်ချိန် ၅၀၀၀၀၀ တင်ပို့ရောင်းချရန် စာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း စိုက်ပျိုး ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

၎င်းဆန်များကို ၂၀၀၅ ခုနှစ် စောစောပိုင်းတွင် တင်ပို့ပေးရမည်ဖြစ် ပြီး ဆန်အများစုကို ဖိလစ်ပိုင်၊ အရှေ့ အလယ်ပိုင်းဒေသနှင့် တောင်အမေရိက ဒေသများသို့ တင်ပို့ရမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ် တွင် စပါးတန်ချိန် ၃၆ သန်း ထွက်ရှိ ဖွယ်ရှိပြီး ဆန်တန်ချိန် ၃ ဒသမ ၈ သန်းမှ လေးသန်းအထိ တင်ပို့ရန်လျာ ထားသည်။ နိုင်ငံအတွင်း နေရာအများ အပြားတွင် အထူးအထွက်တိုးစပါးမျိုး သစ်ငါးမျိုးမှ ၁၀ မျိုးအထိ သုံးစွဲပြီး အကျိုးရှိထိရောက်သော စိုက်ပျိုးရေး နည်းစနစ်များကို ချမှတ်ဆောင်ရွက် သွားမည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ပွား။

နီပေါ-တရုတ် ဆက်ဆံရေး နီပေါလုပ်ငန်းရှင်များ ချီးကျူး

ခတ္တမန္ဒူ ဇန်နဝါရီ ၇

နီပေါစီးပွားရေးလုပ်ငန်းရှင်များက နီပေါ-တရုတ် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်ပြီး နှစ်နိုင်ငံ သံတမန်ဆက်သွယ် သည့် နှစ် ၅၀ မြောက် ရွှေရတုသဘင် အခမ်းအနားကျင်းပစဉ် ဗုဒ္ဓဟူးနေ့က ချီးကျူးပြောကြားသည်။

တရုတ်နိုင်ငံ၏ ကူညီထောက်ပံ့မှုကြောင့် နီပေါနိုင်ငံ ဖွံ့ဖြိုးတိုးတက် လာကြောင်း နီပေါ-တရုတ် အမှုဆောင်များကောင်စီက ကျင်းပသော ညှိနှိုင်းပွဲတွင် ကောင်စီဥက္ကဋ္ဌ အနူးဘာတာရီက ပြောကြားသည်။

တရုတ်နိုင်ငံသည် စီးပွားရေးကဏ္ဍတွင် ခေတ်မီတိုးတက်အောင် အစွမ်း ကုန်ဆောင်ရွက်လျက်ရှိကြောင်း၊ နီပေါပြည်သူများအနေဖြင့် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဝမ်းမြောက်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ပွား။

နံ့စားသီးနှံများ ဘင်္ဂလားဒေ့ရှ် တင်သွင်းမည်

ဒါကာ ဇန်နဝါရီ ၇

ဘင်္ဂလားဒေ့ရှ်အစိုးရသည် နံ့စား သီးနှံများ တင်သွင်းမှုကို ယခင် ၄၅ ရက်အတွင်း အပြီးဆောင်ရွက်ရန် သတ်မှတ်ထားရာမှ ယခုအခါ ၂၁ ရက် အတွင်း အပြီးအစီး ဆောင်ရွက်ရန် စားသောက်ကုန်ဝန်ကြီးဌာနကို ခွင့်ပြု လိုက်ကြောင်း အင်ဒီပင်းဒင့် နေ့စဉ် သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ဘဏ္ဍာရေးဝန်ကြီး စီဖာရာမန်ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည့် စီးပွားရေးရာ ကိစ္စရပ်များဆိုင်ရာဝန်ကြီးအဖွဲ့ အစည်း အဝေးတွင် ဗုဒ္ဓဟူးနေ့က ဆုံးဖြတ် လိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ပွား။

၂၀၀၅ ခုနှစ်တွင် ဆီမီးကွန်ဒက်တာဈေးကွက် ကျဆင်းမည်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၇

ကမ္ဘာ့ဆီမီးကွန်ဒက်တာ (လျှပ်ချို့ပစ္စည်း) ဈေးကွက်၌ အရောင်းအဝယ်အခြေအနေသည် ၂၀၀၄ ခုနှစ်နှင့် နှိုင်းစာလျှင် ၂၀၀၅ ခုနှစ်၌ ကျဆင်းမည်ဖြစ်ကြောင်း အင်စတပ်ဈေးကွက် လေ့လာရေးအဖွဲ့က ဒီဇင်ဘာ ၄ ရက်က ခန့်မှန်းထုတ်ပြန်ခဲ့သည်။

အင်စတပ်ဈေးကွက် လေ့လာရေး အဖွဲ့သည် အဆင့်မြင့်နည်းပညာ ပစ္စည်းများ၏ ဈေးကွက်ကို လေ့လာ ကာ အထက်ပါအတိုင်း ထုတ်ပြန်ခဲ့ ခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ဆီမီးကွန်ဒက်တာ အရောင်းသည် အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၃ ဘီလီယံရှိမည်ဖြစ်ပြီး ယခင်နှစ်ကနှင့် စာလျှင် ၅ ဒသမ ၇ ရာခိုင်နှုန်း လျော့ကျ သွားနိုင်ကြောင်း ဖော်ပြထားသည်။

ဆီမီးကွန်ဒက်တာ ရောင်းချရမှုသည် ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁၁ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး ၂၀၀၃ ခုနှစ်နှင့်နှိုင်းစာလျှင် ၂၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်းသိရသည်။

ဆီမီးကွန်ဒက်တာများ ၂၀၀၅ ခုနှစ် တွင် အရောင်းကျမည်ဆိုသော်လည်း ဆိုးဆိုးရွားရွား ထိခိုက်လောက်အောင် အရောင်းကျဆင်းနိုင်မည် မဟုတ်ဟု အင်စတပ် လေ့လာရေးအဖွဲ့က ဆို သည်။ ဆီမီးကွန်ဒက်တာ ဈေးကွက် သည် ၂၀၀၆ ခုနှစ်တွင် ပြန်လည် အခြေကောင်းလာစရာရှိသည်။ ၂၀၀၈ ခုနှစ်အထိ အခြေအနေ ဆက်လက် ကောင်းနေကာ ၂၀၀၉ ခုနှစ် အရောက် တွင် အရောင်း ပြန်လည်ကျဆင်း သွားစရာရှိသည်ဟု ဆိုသည်။

ယခုကာလတွင် တစ်ကိုယ်ရေသုံး ကွန်ပျူတာ (ပီစီ)များနှင့် မိုဘိုင်းလ် တယ်လီဖုန်းများ လွန်စွာ အရောင်း သွက်ခဲ့သည်။ အနာဂတ်ကာလတွင် ထိုသို့ အရောင်းသွက်သော အခြေအနေ မျိုးများ ပြန်လည်ရရှိစရာအကြောင်း နည်းပါးကြောင်း အင်စတပ် လေ့လာ ရေးအဖွဲ့က ခန့်မှန်းဖော်ပြခဲ့သည်။

အမ်အင်အေ၊ဆင်ပွား။

ယာမာဟာကုမ္ပဏီထုတ် ရှေ့ပြေးပုံစံ လျှပ်စစ်မော်တော်ဆိုင်ကယ် "ပိုကေး"ကို ဂျပန်ဆိုင်ကယ်ပြပွဲတစ်ခုတွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တွင် ရထားတိုက်မှုဖြစ်ပွား လူနှစ်ဦး သေဆုံးပြီး ၁၈၀ ကျော် ဒဏ်ရာရ

ဝါရှင်တန် ဇန်နဝါရီ ၇

အမေရိကန်နိုင်ငံတောင်ပိုင်း ကယ်ရိုလိုင်းနားဒေသတွင် ဇန်နဝါရီ ၆ ရက်က ကလိုရင်းဓာတ်ငွေ့ သယ်လာသောရထားနှင့် ရပ်ထားသော ရထားတစ်စင်းတို့ တိုက်မိခဲ့ကြသည့်အတွက် နှစ်ဦးသေဆုံးပြီး အနည်းဆုံး ၁၈၀ ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းမီဒီယာများက ဖော်ပြကြသည်။

ရထားနှစ်စင်းသည် နံနက် ၂ နာရီ မိနစ် ၃၀ ခန့်တွင် ဂရာနီတီဗေးအရပ် ၌ တိုက်မိကြခြင်းဖြစ်သည်။ ထိုအရပ် သည် တောင်ကယ်ရိုလိုင်းနားပြည်နယ် ၏ တောင်ဘက်အစွန်းတွင် တည်ရှိ သည်။ ရထားတိုက်မှုကြောင့် တွဲပေါင်း ၁၃ တွဲ လမ်းချော်သွားသည်။ ဒဏ်ရာ ရရှိသွားကြသူများအနက် ၄၀ ဦးမှာ ယခုတိုင်အောင် ဆေးရုံတင်ထားရဆဲ ဖြစ်ပြီး ၁၃ ဦး၏ အခြေအနေမှာ စိုးရိမ် ရသည်ဟု ဆိုသည်။ လူနာအများစု မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများ ခံစားကြရကြောင်း သတင်းများက ဖော်ပြသည်။ ရပ်ထား သော ရထားပေါ်တွင် လူတစ်ဦးမျှ မရှိကြောင်း နော်ဖော့စ်ဆောက်သင်း ရထားကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ က ပြောကြားသည်။

ရထားတွဲပေါ်တွင် သယ်ဆောင် သွားသော ကလိုရင်းဓာတ်ငွေ့များ သည် လည်ချောင်း၊ နှာခေါင်းနှင့် မျက်လုံးများကို ထိခိုက်စေနိုင်သော ဓာတ်ငွေ့အမျိုးအစား ဖြစ်သည်။ များပြားစွာ ရှူရှိုက်မိလျှင် အသက်ပင် ဆုံးရှုံးနိုင်သည်။

အမ်အင်အေ၊ဆင်ပွား။

ညီညွတ်ခြင်း၊ မျှတခြင်း၊ ဈေးကွက်ထိန်းသိမ်းခြင်းနှင့် ခရီးသွားစီးပွား

ချစ်ဆွေမြင့်

ယခုအချိန် ပွင့်လင်းရာသီကို ခရီးသွားလုပ်ငန်းလောကတွင် Tour ရာသီ/ Peak Season/ Season ချိန်ရောက်ပြီ စသည်ဖြင့် သုံးလေ့ရှိကြပါသည်။ ယခုနှစ်တွင် ရန်ကုန်သို့ နိုင်ငံတကာ ဧည့်သည် ဝင်ရောက်လည်ပတ်မှု ယမန်နှစ်ကထက် မြင့်လာသည်။ ၂၆ ရာခိုင်နှုန်းလောက်ရှိမည်။ ယမန်နှစ် ၂၀၀၃ ခုနှစ်ကလည်း ၂၀၀၂ ခုနှစ်ထက် ဧည့်သည်ပိုမိုရောက်ရှိသည်။ ဘာကြောင့် ညာကြောင့်ဟု သုံးသပ်နေစရာမလိုပါ။ နိုင်ငံတစ်နိုင်ငံသို့ နိုင်ငံတကာ ခရီးသွား ဧည့်သည် တိုးမြင့်ရောက်ရှိခြင်းသည် ထိုလက်ခံနိုင်ငံ၏ မျက်နှာပန်း ဂုဏ်သိက္ခာကို တက်စေသည်။ အထူးသဖြင့် နိုင်ငံတကာ ခရီးသွားလောကတွင် ပြည်ပသို့ထွက်၍ အများဆုံးလည်ပတ်၍ ငွေကြေးအများဆုံး သုံးစွဲသော ဥရောပသားတို့ မည်မျှလာသလဲဟု မေးလေ့ရှိသည်။ အရေးပါသောမေးခွန်း မဟုတ်သော်လည်း ဆန်းစစ်အကဲဖြတ်ချက်ဖြစ်နေသည်။ သူတို့က ငွေသုံးနိုင်၍ အေးချမ်းစိတ်ချရမှုလည်း လည်ပတ်ကြခြင်းကြောင့်ဖြစ်သည်။

ဧည့်သည် တိုးမြင့်ရောက်ရှိလာသည်နှင့် Tourism Sector သို့ ရင်းနှီးမြှုပ်နှံသူတို့ ဦးလှည့်လာသည်။ ဤလောကမှ အခြေခံမဟုတ်ကြသော်လည်း အခြားလုပ်ငန်းများအပြင် ခရီးသွားလုပ်ငန်းကို လုပ်ကိုင်လိုလာကြသည်။ ရေနှင့်ရေပိုက် ရှာဖွေရန်ခက်နေချိန်တွင် ရေစီးရာအရပ်၌ ရေခွက်ချထားလိုကြသည်။

ဟိုတယ်လုပ်ငန်းကို လုပ်ကိုင်ရန် ခြေဦးလှည့်ကြသည်။ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်းဆိုသော ဝန်ဆောင်မှုစကားကို မေးကြသည်။ အခန်း ဆောက်၍ သော့အပ်နိုင်လျှင် လုံလောက်သည်ဟု ထင်ကြသူများ ရှိသည်။ အခန်းကောင်းကောင်းဆောက်၍ နိုင်ငံခြားသား GMနှင့် ငွေစာရင်းကိုင်ခန့်လျှင် ရပြီဟု ထင်သူတို့လည်းရှိသည်။

တကယ်ဆောင်ရွက်လာသောအခါ အခက်အခဲများစွာ ရင်ဆိုင်ရသည်ကို တွေ့လာကြသည်။ ဟိုတယ်လုပ်ငန်းတွင် ရှုံးသည်ဆိုခြင်းမှာ ကြားကောင်းအောင် ပြောခြင်းဖြစ်သည်။ ဘယ်လိုမှ မရှုံးကြပါဟု ဝန်ခံကြသူတို့လည်းရှိသည်။ ယခုအချိန်တွင် အစဉ်ပြောခဲ့သကဲ့သို့ Peak Season ချိန်ရောက် လာနေသော်လည်း ဟိုတယ်များအနေဖြင့် ထိုက်သင့်သောအခန်းငှားရမ်းခ မရနိုင်ကြတာများ ဖြစ်နေသည်။ ဟိုတယ် Operation တစ်ခုတွင် လေ့လာသိရှိရသမျှ ဆိုသော် ဟိုတယ်၊ လေယာဉ်၊ သင်္ဘော စသည်တို့သည် ခရီးသွားလုပ်ငန်းစုတွင် Primary Supplier ဟုခေါ်သည်။ ခရီးသည်နှင့် တိုက်ရိုက်ရောင်းချနေကြရသူများဖြစ်ကြသည်။ သို့သော် လုပ်ငန်းရှင်ကြီးများသည် ခရီးသည်များနှင့် တစ်ဦးချင်း ဆက်ဆံရောင်းချရေးမှာ ခက်ခဲလာသောကြောင့် ကြားခံကိုယ်စားလှယ်ရှာရသည်။ ထို့ကြောင့် Tour Operator များ၊ Travel Agents များ ပေါ်လာရသည်။ စာအုပ်ကြီးအလိုအရတော့ Primary Supplier များအတွက် ကိုယ်စားပြု၍ ဧည့်သည် Customer နှင့် ဆက်ဆံရောင်းချရန် ကမ္ဘာကျော် အေးဂျင့်ကြီးများ၊ အော်ပရေတာကြီးများကို တာဝန်ပေး အရောင်းအပ်နှင်းကြရန်ဖြစ်သည်။ သို့ဖြစ်၍ ၎င်းအေးဂျင့်များအတွက် ဝင်ငွေ အမြတ်ကျန်ကြစေရန် သက်သောင့်သက်သာ လုပ်ကိုင်နိုင်သော (%)Percentage ပေး၍ ရောင်းကြရသည်။ အခန်းခကို မလျှော့ကြပေ။ ရာခိုင်နှုန်းစားသာဖြစ်သည်။ စာအုပ်ထဲတွင် သည်လိုပဲ နားလည်သည်။

သို့သော်... အချို့သောနိုင်ငံများတွင် ဟိုတယ်ကြီးများ၊ လေကြောင်းလိုင်းကြီးများ၊ သင်္ဘောလိုင်းကြီးများ မရှိပေ။ ဟိုတယ်ငယ်များနှင့် လေကြောင်းလိုင်းငယ်များ၊ သင်္ဘောငယ်များသာရှိသည်။ သူတို့သည် နိုင်ငံတကာ ဈေးကွက်တွင် မိမိ၏ Property (ဟိုတယ်)၏ ရောင်းအားကို ကိုယ်တိုင်မဆောင်ရွက်နိုင်ရာပေ။ ထို့ကြောင့် Agentများကို အားကိုး၍ လိုက်လျောမှုပြုလာရသည်။ (ထိုအထဲတွင် မြန်မာနိုင်ငံမှ ဟိုတယ်များ ပါကောင်းပါနိုင်သည်။)

ခရီးသွားကိုယ်စားလှယ်များတွင်လည်း နိုင်ငံတကာ၌ ကျယ်ပြန့်စွာဆောင်ရွက်နေသော Thomas Cook လို ကုမ္ပဏီကြီးများ၏ သြဇာသည် အလွန်ကြီးမားသည်။ မြန်မာနိုင်ငံ၌ ရုံးခွဲရှိသော Diethelm Travel, Indochina Services, Exotissimo, Asian Trail, SAI Travel စသော မြန်မာနိုင်ငံမှ ပုဂ္ဂလိကနိုင်ငံသားလုပ်ငန်းရှင်တို့နှင့် ဖက်စပ်ဆောင်ရွက်သည့် ခရီးသွားအေးဂျင့်တို့၏ ဈေးကွက် နေရာရရှိမှုသည် အပေါ်စီး၌ရှိသည်။ တိုင်းရင်းသားခရီးသွားကိုယ်စားလှယ်အချို့ ၅၀ ခန့်လည်း အထိုက်အလျောက် ရှန်းကန်ဆောင်ရွက်နိုင်ကြသည်။ ကျန်အေးဂျင့်များမှာမူ ဟန်ပြသာသာပင် ရှိသည်။ ထိုကုမ္ပဏီများသည် နိုင်ငံတကာဈေးကွက်တွင် ဒေသနိုင်ငံအစား အရောင်းရှာဖွေထိုးဖောက်ကြသည်။ ဧည့်သည်ရရှိရေး အတွက် အင်ဒိုချိုင်းနားနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား အပြိုင်ကြိုးပမ်းကြရသည်။ ဈေးကွက်ရှာခရီးထွက်ရခြင်း၊ အရောင်းမြှင့်တင်ရေး Programme များ ပြုလုပ်ရခြင်း၊ မိတ်ဆွေရှာရခြင်း၊ အားပြိုင်ရခြင်း၊ သုံးစွဲရခြင်းများ ပြုရသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုအင်အားကြီး၍ Market ထုထည်ကြီးမားသော နိုင်ငံတကာ ကုမ္ပဏီကြီးများနှင့် ယှဉ်ပြိုင်ရန် အတော်ရှန်းကန်ရသည်။

ထို့ကြောင့် သူတို့ရခဲ့သော အရောင်းပမာဏကို ပြည်တွင်းရှိ Supplier များထံတွင် ပြန်လည်ဈေးညှိ ရသောအခါ အောက်ဈေးသာ ပေးနိုင်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဝယ်အားထက် ရောင်းအားမြင့်နေသော ရန်ကုန်ဈေးကွက်၌ ဟိုတယ်အခန်းခများ အလွန်နိမ့်နေသည်။

နိုင်ငံတကာဟိုတယ်ကြီးများ၊ ပြည်တွင်းတိုင်းရင်းသားပိုင် ဟိုတယ်များ၏ အခန်းရောင်းချမှုရာခိုင်နှုန်း Occupancy Rateတွင် အနည်းဆုံးရောင်းချနိုင်သည့် အရေအတွက် Break Even Point မှာ ၃၅ ရာခိုင်နှုန်းခန့် ဖြစ်သင့်သော်လည်း ၆၅ ရာခိုင်နှုန်းခန့် ဖြစ်နေသည်။ ဟိုတယ်ရှိ အခန်းအရေအတွက်ပေါင်း၏ ၆၅ ရာခိုင်နှုန်း ရောင်းချမှသာ တစ်နေ့တာ၊ တစ်လတာ၊ တစ်နှစ်တာ အတွက် အရင်းရမည်ဖြစ်သည်။ ယင်းမျှ မရောင်းနိုင်သော်ရှုံးပြီ။

ခရီးသည်များ ရောက်ရှိလာပြီးနောက် ၎င်းတို့၏ တစ်ဦးချင်းသုံးငွေသည် မည်သည့်နေရာ၌သုံးသုံး နိုင်ငံအတွက် ဝင်ငွေဖြစ်သည်။ နိုင်ငံတကာ ဧည့်သည်ဝင်ရောက်မှုသည် မမြင်ရသော ကုန်ပစ္စည်းတစ်ခု Export လုပ်ခြင်းဖြစ်သည်။ ပြည်တွင်း၌ လည်ပတ်သုံးစွဲသွားသည်ကို Domestic Income ဟုခေါ်ဆိုနိုင်သည်။ ၎င်းကိုသိထားသော နိုင်ငံတကာ လူလည်ကြီးများသည် ပြည်ပ Credit Card သုံးစွဲနိုင်မှု ပိတ်ပင်လိုက်ခြင်း၊ ပြည်ပမှ နိုင်ငံတွင်းသို့ နိုင်ငံခြားငွေ လွှဲပြောင်းမှု ပိတ်ပင်ခြင်းတို့ ပြုလုပ်ကြခြင်းဖြစ်သည်။ သို့သော် တစ်နှစ်ထက်တစ်နှစ် မြန်မာနိုင်ငံသို့နိုင်ငံတကာဧည့်သည် လာရောက်လည်ပတ်မှု မြင့်တက်နေသည်။ တစ်ဖက်တွင်မူ ငွေရရှိမှုမှာ ထိုက်သင့်သလောက် မရနိုင်ဖြစ်နေသည်။

အကယ်၍သာအခန်းခများကို မိမိတို့ဟိုတယ်များ၏ အခန်းဖွဲ့စည်းမှုနှင့်အညီ မြှင့်တင်နိုင်ခဲ့လျှင်၊ အလားတူပင် ဟိုတယ်၏အဆင့်အတန်းအလိုက် (တူးစတား၊ သရီးစတားစသည်) လိုက်ဖက်ညီသော ဝန်ဆောင်မှု(Service)ကို ထိန်းသိမ်းမြှင့်တင်ပေးပြီး ဟိုတယ်အဆင့်အတန်း ဝန်ဆောင်မှုနှင့်အညီ အခန်းခကို မြှင့်တင်တောင်းခံနိုင်လျှင် ဧည့်သည်တို့၏ တစ်ဦးချင်းသုံးငွေသည် ပိုမိုလာလိမ့်မည်။

ဤကိစ္စကို သက်ဆိုင်ရာဌာနက ယခင်နှစ်များကပင် စတင်သတိပေး၊ အသိပေးလာသည်။ ယခုနှစ်တွင်မူ သက်ဆိုင်ရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီ၊ မြန်မာနိုင်ငံနိုင်ငံခြားဟိုတယ်ကြီးများအဖွဲ့တို့ ပူးပေါင်းအဖြေရှာပြီးကြိုးပမ်းကြသည်။ ဝန်ကြီးဌာနကလည်း၎င်းတို့၏ တင်ပြလိုလားချက်ကို လက်ခံ၍ ဈေးနှုန်းထိန်းသိမ်းမြှင့်တင်ရန် လိုလားချက်ကို ကူညီကျားကန်ပေးရန်ရှိသည်။

ခရီးသွားလောကတွင် နိုင်ငံတကာကမ္ဘာလှည့်ဧည့်သည်ကြီးများအတွက် အေးဂျင့်မှတစ်ဆင့်အရောင်းစနစ်သည် ခြောက်လမှ တစ်နှစ်ခန့်ကြိုတင်စီစဉ်မှုပေါ် တည်သည်။ ကုမ္ပဏီချင်း MoU ကန်ထရိုက်စာချုပ်ကိုအခြေခံကြသည်။ ၂၀၀၅ခုနှစ် ဇန်နဝါရီ လမှစ၍ ဟိုတယ်အခန်းခများကို ၂၀ရာခိုင်နှုန်းမှ ၄၀ရာခိုင်နှုန်းအထိ မြှင့်တင်နိုင်ရန်ကြိုးပမ်းကြမည်ဟုသိရသည်။ ဤအစီအစဉ်မှာကောင်းမွန်လှသည်။ သို့သော် ဝယ်လိုအားနည်း၍ ရောင်းလိုအားမြင့်နေ၍ စသောအကြောင်း ဖော်ထုတ်ချက်များဖြင့် အောက်ဈေးသို့လည်း ကျမသွားရန်အရေးကြီးပါသည်။ Traders, Sedona, Grand Plaza စသော ဟိုတယ်ကြီးများသို့ လာသော ဧည့်သည်၊ ၎င်းဟိုတယ်များအတွက် ရည်စူးရောင်းပေးထားသော အေးဂျင့်သည် ဒုတိယတန်း၌ရှိသည်ဟု သတ်မှတ်နိုင်သော အခြားဟိုတယ်များ၊တိုင်းရင်းသားပိုင် ဟိုတယ်များသို့ ဈေးကွက် ရွှေ့မည်မဟုတ်ချေ။ အလားတူပင် ဟိုတယ်နီကိုး၊ ဒူးဇစ်အင်းယားလိတ်၊ ကန်တော်ကြီးဟိုတယ်ဈေးကွက်အတွက် ရောင်းပေးထားသော အေးဂျင့်သည် သူ၏ဧည့်သည်များကို ဝန်ဆောင်မှုနိမ့်သော ဟိုတယ်များသို့ ပို့မည်မဟုတ်ပေ။

မြန်မာပြည်သို့လာသော နိုင်ငံတကာဧည့်သည်တို့သည် ပုဂံမရောက်လျှင် မြန်မာပြည်မရောက်ဆိုသော စကားအတိုင်း ပုဂံ၊ အင်းလေး၊ ငပလီတို့သို့ သွားခြင်းဖြစ်သည်။ ရန်ကုန်၌တစ်ညတာအိပ်သည်၊ မြန်မာပြည်မှ ပြန်အထွက်တွင် ရန်ကုန်၌မအိပ်ကြဘဲ ဗန်ကောက်သို့ တိုက်ရိုက်ပြန်သည်ကများသည်။ တစ်ညတာသာရောင်းလိုက်ရသော ရန်ကုန်ဈေးကွက်သည် အကြောင်းမဲ့ဈေးများ လျှော့နေရန်မလိုပေ။ ပုဂံအသွားတွင် မဖြစ်မနေအိပ်ရမည့် ရန်ကုန်သည် မြို့တော်ဖြစ်သော်လည်း တစ်ထောက်နားရမည့်နေရာ Stop Over ဖြစ်နေသည်။ မဖြစ်မနေအိပ်ရမည့် ကိစ္စအတွက် အိပ်ရန်လာသည့် ဧည့်သည်ကို နားနေအိပ်စက်သွားပါလားဟု ချော့မော့ဖျောင်းဖျနေရခြင်းမှာ မှားနေသလားဟုထင်သည်။

အချို့သော နိုင်ငံခြားပိုင် ဟိုတယ်များ၊ အဆင့်ရှိသော မြန်မာ့ဟိုတယ်များသည် အေးဂျင့်အဆင့် မဆိုနိုင်သော ကော်မရှင်စားဈေးကွက်ပွဲစား (Per Pax Commission) များကို သတိထားသင့်သည်။ ၎င်းတို့သည် လုပ်ငန်းလိုင်စင်ရှိသော်လည်း ခရီးသွားလုပ်ငန်းရှင်များအသင်းသို့ ဝင်မထားပေ။ အထူးသဖြင့် ၎င်းတို့သည် အရှေ့တိုင်းဈေးကွက် ကိုယ်စားလှယ်လုပ်တတ်ကြသည်။ ဧည့်နိုင်ငံရှိ မြန်မာသံရုံးတွင် တိုးရစ်ဗီဇာ ပွဲစားလုပ်၍ ဗီဇာကြေးအမြတ်ယူကြသည်။ ၎င်းတို့၏ ရန်ကုန်ရှိ မြန်မာကိုယ်စားလှယ်သည် များပြားသော ဧည့်သည်ပမာဏကိုပြ၍ ဈေးအလွန်ဆစ်သည်။ အောက်ဈေးနှင့်ဖြတ်သည်။ ငွေကြိုတင်မလွှဲနိုင်။ ကားပေါ်တွင် နိုင်ငံခြားငွေလဲတတ်ကြသူများလည်းရှိသည်။ ဧည့်သည်တစ်ဦးအပေါ်တွင် နှစ်ဒေါ်လာစားလောက်ဖြင့်လုပ်သည်။ ဧည့်သည် အုပ်စုကအားကြီး၍ ကိုယ်စားလှယ်အား ငွေမချေသောအခါ ကိုယ်စားလှယ်ကလည်း ဟိုတယ်တွင်မချေနိုင်တော့ပေ။ ထို့ကြောင့် ဧည့်သည်ပမာဏကို ကြည့်၍ အခန်းခနိမ့်မရောင်းရန် သတိပေးမိခြင်းဖြစ်သည်။

မန္တလေးတွင် Sedona, Mandalay Hill, Mandalay Swan တို့သည် နိုင်ငံခြားသားပိုင် ဟိုတယ်များဖြစ်သည်။ နဒီမြန်မာ၊ Emerald Land, ယခုနှစ်မှ စဖွင့်သော Mandalay City, Treasure စသည်တို့ကို ခရီးသွားကုမ္ပဏီများက ဟိုတယ်အဆင့်လက်ခံ၍ အရောင်းအဝယ်ရှိသည်။ နောင်တွင် မန္တလေးသည် ဧည့်သည်ရောက်ရှိမှု ပိုမိုတိုးတက်လာနိုင်သော အရိပ်အယောင်များ ထင်ရှားနေသည်။ ထို့ကြောင့် မန္တလေးတွင်ရှိသော နိုင်ငံခြားသားပိုင်နှင့် အထူးသဖြင့် တိုင်းရင်းသားပိုင်ဟိုတယ်တို့ ဈေးကွက် ထိန်းသိမ်းရေးနှင့် အဆင့်အတန်းမြင့်မားရေးကို ရည်မှန်းချက်ထားရန် တိုက်တွန်းနေရသည်။

၂၀၀၅ ခုနှစ် ခရီးသွားရာသီအတွက် နိုင်ငံတကာ ခရီးသွားဧည့်ရောင်းပွဲတော်ဟု ခေါ်ဆိုနိုင်သော ITB ဘာလင်သည် မတ်လတွင် ဖွင့်လှစ်ကျင်းပတော့မည်။ ၎င်းဈေးရောင်းပွဲသို့ နိုင်ငံတကာမှ ဟိုတယ်များ၊ လေကြောင်းလိုင်းများ စသော Primary Supplier များနှင့် ခရီးသွား Tour Operator ကြီးများ အစုံရောက်ရှိကြပြီး မိမိနိုင်ငံဈေးကွက်ကို ဖွင့်ကြမှာ ဖြစ်သည်။ ကျွန်တော်တို့နိုင်ငံမှာ ခရီးသွားဆိုင်ရာ ဟိုတယ်၊ လေယာဉ်လိုင်း၊ သင်္ဘောလိုင်းနှင့် ခရီးသွားကိုယ်စားလှယ်တို့သည် တက်ညီလက်ညီ စိတ်ဝမ်းတူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြင်ဆင်သင့်ကြသည်။ မိမိတို့ မြန်မာနိုင်ငံ၏ ခရီးသွားထုတ်ကုန်များ (Tourism Products) တန်ဖိုးကိုလည်း ထိုက်ထိုက်တန်တန် တန်ရာတန်ဖိုး ပြသရောင်းချသင့်ပြီ။ လုပ်ငန်းအပေါ် ပူးပေါင်းဆောင်ရွက်မှု အကျိုးအမြတ်ကို တရားသဖြင့် ခံစားကြပြီး နိုင်ငံအတွက် အခွန်ဝင်ငွေကိုလည်း တာဝန်ကျေသင့်ပြီဟု ဆွေးနွေးလိုပါသည်။

မြန်မာနိုင်ငံသည် အမှန်ပင်အေးချမ်းသည်။ လုံခြုံမှုရှိသည်။ ပြည်သူတို့၏ သဘာဝအပြုံးက အချို့နိုင်ငံ၏ Commercial Smile ထက် ဧည့်သည်များ ရင်ထဲတွင် စွဲထင်စေသည်။ ရောင်းအားမြင့်မားနေခြင်း မရှိသော်လည်း လောဘစိတ်ကင်းမှုကြောင့် ဈေးနှုန်းကြီးမြင့်မှုမရှိ။ Fair Price ထက်ပင် လျော့သည်။ နိုင်ငံတကာငွေနှင့် ပြည်တွင်းငွေ ဈေးကွက်သည် သုံးပျော်သော အနေအထားဖြစ်နေသည်။ ထို့ကြောင့် ခရီးသွား ဧည့်သည်တို့ စိတ်ကျေနပ်ကြပြီး ခရီးစဉ်ပို့ပေးသော နိုင်ငံတကာ Tour Operator ကုမ္ပဏီကြီးများနှင့် အကွက်မြင် Tour Leader တို့ ဘဝင်တွင် Demand ဝယ်အားရှိသည်မှာ အမှန်ပင် ဖြစ်ပါသည်။

ဤအခြေအနေမျိုးတွင် မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေးဘုတ်အဖွဲ့ Myanmar Tourism Promotion Board ၏ အောက်တွင် ဟန်ချက်ညီညီဖွဲ့စည်းပေးထားသော ခရီးသွားလုပ်ငန်းကော်မတီ၊ ဟိုတယ်လုပ်ငန်းကော်မတီနှင့်မြန်မာ့ခရီးသွားဈေးကွက်ကော်မတီတို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရိုင်းပင်းကူညီကာ ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းဆောင်ရွက်သင့်ကြပြီး ပိုမိုခိုင်မြဲအောင် လက်တွဲ ဆောင်ရွက်ရမည်ဟု တိုက်တွန်းလိုပါသည်။ မြန်မာနိုင်ငံတွင်းရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဟိုတယ်ကြီးများ၊ ပြည်တွင်းပြည်ပဖက်စပ်ခရီးသွားလုပ်ငန်းကုမ္ပဏီကြီးများသည်လည်း မိမိတို့အကျိုးစီးပွားကိုသာမက မိမိတို့မှီတင်းအခြေပြုရာ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ အကျိုးစီးပွားကိုလည်း ရှေးရှုဆောင်ရွက်ရန်လိုကြောင်းကိုလည်း တိုက်တွန်းလိုပါသည်။

နိဂုံးချုပ်ဆိုရသော် မြန်မာနိုင်ငံ ဟိုတယ်များသည် အချိန်အခါရှိတုန်း၊ ပြိုင်ဘက်နည်းတုန်း မိမိပိုင်ဟိုတယ်ကို အဆင့်မြှင့်ခြင်း၊ ထိန်းခြင်း၊ ဝန်ဆောင်မှုမြှင့်တင်ခြင်း၊ ဈေးကွက်ထိန်းသိမ်းခြင်းတို့ကို စတင်ဆောင်ရွက်သင့်ကြောင်း၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများကလည်း ရင်းနှီးမြှုပ်နှံထားသော ဟိုတယ်များ (Direct Supplier)များ၏ အခြေအနေကိုနားလည်ကာ မျှမျှတတ တာဝန်ယူရောင်းချပေးသင့်ကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးများ၊ စားသောက်ဆိုင်များကလည်း မိမိတို့အကျိုးစီးပွားကို ကာကွယ်ဦးစားပေးလွန်းသော ဈေးနှုန်း အလျှော့အတင်း ရုတ်ခြည်းလုပ်ရခြင်းကို ထိန်းသိမ်းပြီး ကိုယ်စားလှယ်တို့အတွက် တည်ငြိမ်သောဈေးကွက်ကို ဖန်တီးသင့်ကြောင်း၊ ခရီးသွားလုပ်ငန်းကို ဝိုင်းဝန်းထောက်ကူပေးရသော မိမိတို့ကလည်း နိုင်ငံတော်၏မူဝါဒနှင့် လိုလားချက်ကိုလိုက်နာပြီး နိုင်ငံတကာ ခရီးသွားများကို လိုအပ်သလို ကူညီနေသည်ဖြစ်ပါကြောင်း မိမိနားလည်သမျှ လေးစားစွာတိုက်တွန်းအပ်ပါသည်။ ။

လယ်တီစံရိပ်သာ (၁၀)ရက်စခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၈

ပုဇွန်တောင်မြို့နယ် မဟာဩောင်ကုန်း ကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် ဇန်နဝါရီ ၂၃ ရက်မှ ၃၀ ရက်အထိ မဟာစည်သာသနာ့ရိပ်သာ ဆရာတော်များနှင့် လယ်တီစံသာသနာ့ရိပ်သာ ဆရာတော်များက မဟာ သတိပဋ္ဌာန် တရားတော်များကို ဟောကြား ပြသမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများ ဇန်နဝါရီ ၂၀ ရက် ညနေ ၄ နာရီအရောက် ကြွရောက်ရန် နှိုးဆော်ထားသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉–၁–၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးယောသိတ တရားတော်** **–ဖဂ္ဂုနရဟန်း**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Second Year Notes (အင်္ဂလိပ်စာအထူးပြု)
- **၄:၃၀** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သပွတ်အူပမာ" (အပိုင်း–၂၀) (ဇာတ်သိမ်း)**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ မြန်မာ့ရှုခင်း
- ၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နဲ့ရန်နိုင်မား" (အပိုင်း–၃၆)**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေး ကြိုးပမ်း အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရေး ပြုစုပျိုးထောင်

ရန်ကုန် ဇန်နဝါရီ ၈

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂နာရီခွဲတွင် ပဲခူးတိုင်း (အရှေ့) ညောင်လေးပင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး Computer Application စာသင်ခန်း၊ Computer Aided Instruction စာသင်ခန်း၊ Electronic Media (Language Lab) စာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ညောင်လေးပင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး Electronic Media (Language Lab) စာသင်ခန်းနှင့် Computer Application စာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးနှင့် ပညာရေး ဝန်ထမ်းများ တွေ့ဆုံပွဲကို အဆိုပါ ကျောင်းခန်းမဆောင်၌ ကျင်းပရာ ဝန်ကြီးက ကျောင်းနေအရွယ်ကလေး များ ကျောင်းနေရေး၊ ကျောင်းနေ အရွယ်လွန် ကလေးများအတွက် အထူး သင်ရိုးဖြင့် သင်ကြားရေး၊ မသန်သော် လည်း စွမ်းဆောင်နိုင်သည့် ကျောင်း သား၊ ကျောင်းသူများအတွက် သင်ကြားရေး စသည်တို့ကို ရှင်းလင်း မှာကြားပြီး အခြေခံပညာကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေး အတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ အခြေခံပညာ တတ်မြောက်အောင် သင်ကြားရေး၊ အရည်အချင်းမြင့်မား သည့် လူ့စွမ်းအား အရင်းအမြစ်များ ရရှိရေး၊ ပညာရေးသည် အမျိုးသားရေး ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ အား ဆရာ့မေတ္တာဖြင့် ပြုစုပျိုးထောင် ပေးရေးတို့ကို ဆွေးနွေးမှာကြား သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ညနေ ၅ နာရီတွင် ဖြူးမြို့နယ် ကညွတ် ကွင်း အခြေခံပညာ အလယ်တန်း ကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံကာ ပညာသင်ကြားရေးနှင့် အားကစားလှုပ်ရှားမှုများ ဆောင်ရွက် ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဝန်ကြီးနှင့် အဖွဲ့သည် ည ၇နာရီ တွင် တောင်ငူတက္ကသိုလ်သို့ ရောက် ရှိပြီး အစည်းအဝေးခန်းမ၌ ပါမောက္ခ ချုပ်၊ ပါမောက္ခ ဌာနမှူးများနှင့် ဆရာ၊ ဆရာမများအားတွေ့ဆုံရာ ပါမောက္ခ ချုပ်က တောင်ငူတက္ကသိုလ်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက သင်ကြားရေးနှင့် သုတေ သန လုပ်ငန်းတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်ရန်၊ လူ့အဖွဲ့အစည်း တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်နိုင်မည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက် ရန်၊ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို တက္ကသိုလ်အားလုံး ပူးပေါင်း ဆောင်ရွက်ရေးအတွက် နည်းလမ်းရှာဖွေရန်၊ တက္ကသိုလ်များ သည် သင်ကြားရေးဖြင့်သာ ရပ်တည် မနေဘဲ နည်းပညာပြောင်းလဲမှု၏ ရှေ့ဆောင်ဖြစ်အောင် ဆောင်ရွက်ရန် တို့ကို ဆွေးနွေးမှာကြားသည်။

ဖြူးမြို့

ဝန်ကြီး ဦးသန်းအောင်နှင့် အဖွဲ့ သည် ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီခွဲ တွင် ဖြူးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး နှစ်ထပ်ကျောင်းဆောင်သစ် ဆောက် လုပ်မှုနှင့် ကျောင်းဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ပြင်ဆင်ဆောက်လုပ်ရမည့် အဆောင် များနှင့် စပ်လျဉ်း၍ မှာကြားသည်။

ဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာ အခြေခံပညာ အထက် တန်းကျောင်းသို့ ရောက်ရှိပြီး Language Lab (Audio System) စာသင်ခန်းနှင့် Computer Aided Instruction စာသင်ခန်းတို့၌ ကျောင်း သား၊ ကျောင်းသူများ၏ သင်ကြား သင်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးမြို့နယ် ပျဉ်ပုံကြီး အခြေခံပညာ အထက်တန်း ကျောင်းခွဲ သို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်း သူများနှင့်တွေ့ဆုံ၍ ပညာကြိုးစား သင်ယူကြရန် မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် Language Lab စာသင်ခန်းကို ကြည့်ရှုစစ်ဆေး ကာ လိုအပ်သည်များကို ဖြည့်ဆည်း ပေးသည်။

(သတင်းစဉ်)

အထက (၁) သဃ်န်းကျွန်း၏ ရွှေရတုအထိမ်းအမှတ် အာစရိယ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်း များက ပူဇော်ငွေနှင့် ကန်တော့ပစ္စည်းပေးအပ်စဉ်။ (က–ပ)

ဇန်နဝါရီ ၃ရက်က ကျင်းပသော အလက (၁) ပန်းဘဲတန်း၏ ပညာရေးစုံညီပွဲတော်တွင် မြို့နယ်အဆင့် နှစ် (၆၀)ပြည့် တပ်မတော်နေ့ စာစီစာကုံးဆုရ အဋ္ဌမတန်းကျောင်းသူ မမိုးပွင့်ဖြူအား ကျောင်းအုပ်ဆရာကြီး ဦးကျော်နိုင် ဆုချီးမြှင့်စဉ်။ (က–ပ)

အလက (၈) လှိုင်၏ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီ ပွဲတော် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျင်းပ ရာ သူငယ်တန်းမှ ပထမဆုရ မောင်ဟိန်းသီဟအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခင်က ဆုချီးမြှင့်စဉ်။ (က–ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း [ဗဟန်း (၃)လမ်း မှတ်တိုင်အနီး] တွင် (၂၂/C) တက္ကသိုလ်ရိပ်မွန်အိမ်ရာ တက္ကသိုလ်ရိပ်သာလမ်းသစ်နေ ဦးချစ်ဆွေ–ဒေါ်ချိုချိုညွန့်၊ သား ပြည့်ဖြိုးဆွေ၊ အာကာချစ်ဆွေတို့က (၂၃)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည် အထိမ်းအမှတ် အလှူငွေကျပ်တစ်သိန်း ကို ဦးမျိုးခင် (အဖွဲ့ဝင်) သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ရေးမြို့နယ်အသင်း (ရန်ကုန်)၏ (၂၈)ကြိမ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်း(၃) လမ်း၊ ခေမာရာမသိလရှင်စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ မြို့နယ်သူ၊ မြို့နယ်သားများ (အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ) မပျက်မကွက် တက်ရောက်ကြရန်နှင့် အသင်းဝင်မိသားစု များမှ (၇၅)နှစ် ပြည့်ပြီးသူ အဘိုး၊ အဘွားအမည် စာရင်းများ၊ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူ အမည် စာရင်းများကို ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထားစာရင်းပေးပို့ကြရန်နှင့် အလှူငွေများကို ဦးဝါရှိန် ဖုန်း–၂၅၀၃၃၂၊ ဦးဖေအောင် ဖုန်း–၅၇၀၀၆၂၊ ဦးဝင်းတင် ဖုန်း–၅၇၂၅၄၂၊ ဒေါ်ခင်စောမြင့် ဖုန်း–၅၀၁၅၁၇၊ ဒေါ်မိမိဆန်း ဖုန်း ၀၉–၉၉၂၀၃၁၈ တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ကွယ်လွန်သူ အဘိုး ဦးမြသောင်းနှင့် ဖခင် ဦးလှဒင်တို့အား ရည်စူး၍ အမှတ် (၂၀) ထွန်းသီရိလမ်း (၃၀)ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဒေါ်ခင်ဆန်းမိသားစုက ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို ဒီဇင်ဘာ ၂၀ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။ (က–ပ)

လုံးချင်းနှစ်ထပ်တိုက်များ မိတ်ဆက်ရှင်းလင်းပြသ

ရန်ကုန် ဇန်နဝါရီ ၈

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး ဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် Landmark Construction Co., Ltd. က တည်ဆောက်လျက်ရှိသော အောင်ဇေယျ မြို့တော်အိမ်ရာတွင် လုံးချင်း နှစ်ထပ်တိုက်များ ရှင်းလင်းပြသပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကျင်းပရာ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မန်နေဂျင်း ဒါရိုက်တာ ဒေါ်ညွန့်ယဉ်ဝင်းက အထူး အစီအစဉ်ဖြင့် ရောင်းချမှုကို ရှင်းလင်း ပြောကြားသည်။

စုံစမ်းနိုင်

ယင်းအိမ်ရာသည် လှိုင်သာယာမြို့ အင်းစိန်–ညောင်တုန်း ခြောက်လမ်း သွားလမ်းမကြီးနှင့် ကျန်စစ်သား လမ်းမကြီးတို့ပေါ်တွင် တည်ရှိပြီး ဘုရင့်နောင်တံတား၊ အောင်ဇေယျ တံတားတို့မှ ဖြတ်သန်းသွားရောက်နိုင် သည်။ ရောင်းချလျက်ရှိသော တိုက် များမှာ RC နှစ်ထပ်တိုက်ဖြစ်ပြီး ဘုရားခန်း၊ အိပ်ခန်းသုံးခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖို၊ ကြွေပြားကပ်ပြီး အပေါ်ထပ်၊ အောက်ထပ်၊ ရေချိုးခန်း အိမ်သာနှစ်ခန်း၊ ဝရန်တာတို့ ပါဝင် သည်။

ကြမ်းခင်းဧရိယာ ၁၃၄၈စတုရန်း ပေ၊ မြေကွက် အကျယ် ပေ ၄၀ xပေ ၆၀ ရှိပြီး အရစ်ကျငွေချေနိုင်ကြောင်း သိရ သည်။ စက်မှုမြို့တော်၊ လှိုင်သာယာ မြို့လယ်တွင်တည်ရှိကြောင်းနှင့် စိတ်ပါ ဝင်စားသူများအနေဖြင့် အရောင်း ဌာနစိတ်၊ စီမံကိန်းဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အောင်ဇေ ယျမြို့တော် အိမ်ရာစီမံကိန်းရုံး ကျန်စစ်သားလမ်း အောင်မြေသာယာ ဘုရားရှေ့ လှိုင်သာယာမြို့တို့တွင် ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရ သည်။

(က–ပ)

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံး ပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလအတွက်

(၉–၁–၂၀၀၅) ရက်နေ့

နှင့်

(၃၀–၁–၂၀၀၅) ရက်နေ့

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅–ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် (၁၁၄၁) တိုက်ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

☆ ကျန်းမာရေးမှ

ဆရာမများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများရရှိစေပြီး တစ်နိုင်ငံလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် မွန်မြတ်သော ရည်မှန်းချက်များဖြင့် ဖြည့်ဆည်းတည်ဆောက်ပေးလျက် ရှိကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကုသရေးလုပ်ငန်းများတွင်မြို့နှင့် ကျေးလက်ကွာဟမှုနည်းပါးစေရေးအတွက် ကျေးလက်ဒေသအရောက်အထိရောက်ဆုံးဆေးကုသမှုများရရှိစေရန် ရည်ရွယ်ချက်ထားရှိဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာကြံ့ခိုင်ရေး

နိုင်ငံတော် တည်ဆောက်ရာတွင်လည်း ကျန်းမာရေးကဏ္ဍ၌ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ရေးအတွက် ဦးတည်ချက်များချမှတ်ပြီး အလေးထား ဆောင်ရွက်နေကြောင်း။

နိုင်ငံသူ နိုင်ငံသားများ၏ ပညာရေးနှင့် ကျန်းမာကြံ့ခိုင်မှု မြှင့်တင်ရေးသည် အခြေခံအကျဆုံး အမျိုးသားရေးလိုအပ်ချက်ဖြစ်ကြောင်း။

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်နှင့် ကျေးရွာများအထိ အထူးကုဆရာဝန်ကြီးများဖြင့် ကွင်းဆင်း၍ ဆေးကုသခဲ့ပြီး ရှာဖွေတွေ့ရှိသော ဝေဒနာရှင်များကိုလည်း သက်ဆိုင်ရာ အထူးကုဆေးရုံကြီးများတွင် ဆက်လက်ကုသပေးနိုင်ခဲ့ကြောင်း။

ရန်ကုန်တိုင်းအတွင်း မွေးရာပါ ချို့တဲ့သည့် အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင်များကို ၂၀၀၃ ခုနှစ်အတွင်း သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် တိုက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံများတွင် ခွဲစိတ်ကုသခဲ့သည့်အပြင် ၂၀၀၄ခုနှစ်အတွင်း ရှာဖွေတွေ့ရှိသူများအားလုံးကိုလည်း သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး ဆက်လက်ခွဲစိတ်ကုသနိုင်ခဲ့ကြောင်း။

ခွဲစိတ်ကုသ

ထို့အပြင် မွေးရာပါ ဦးနှောက်နှင့် အာရုံကြော ချို့ယွင်းမှုများရှိသည့် ဝေဒနာရှင်များကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း၊ အခြားချို့ယွင်းမှုရှိသော ကလေးငယ်များကို ရန်ကုန် ကလေးဆေးရုံကြီးတွင်လည်းကောင်း၊ မွေးရာပါ မျက်စိအတွင်း တိမ်ဝေဒနာရှင် ကလေးငယ်ကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးတွင်လည်း ခွဲစိတ်ကုသပေးခဲ့ကြောင်း။

မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင် လူနာများကို ခွဲစိတ်ဆရာဝန်ကြီးများ၊ မေ့ဆေးဆရာဝန်ကြီးများက စေတနာမေတ္တာဖြင့် အခမဲ့ ခွဲစိတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ဝမ်းမြောက်စွာ သိရှိခဲ့ရသည့်အတွက် မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း၊ တောရွာနေ ဝေဒနာရှင်များသည် ယခုကဲ့သို့ ခွဲစိတ်ကုသမှုတွင် ပါဝင်မှုမရှိခဲ့ပါက မိမိတို့၏ဘဝတစ်သက်တာလုံး အာခေါင်ကွဲနှုတ်ခမ်းကွဲဘဝဖြင့် နေထိုင်သွားရမှာဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်၏ ပြည်သူများအပေါ်ထားရှိသည့် စေတနာကို အလေးထား အသိအမှတ်ပြုသည့် အနေဖြင့် မွေးရာပါ ချို့တဲ့ခွဲစိတ်ကုသသည့် ဝေဒနာရှင်များ အတွက် စေတနာရှင်ပုဂ္ဂိုလ်များက ငွေကြေးလှူဒါန်းကြသည့်အတွက် အင်မတန်ဝမ်းသာကြည်နူးစရာ ကောင်းလှပြီး နတ်လူသာဓုခေါ်မည့် အလှူဒါနများဖြစ်ပါကြောင်း။

ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်နိုင်ကြပါ စေရန်နှင့် အလှူရှင်များသည်လည်း လှူဒါန်းရသော အကျိုးကျေးဇူးကို ပစ္စုပ္ပန်နှင့် အနာဂတ်ကာလများတွင် ပြည့်ပြည့်ဝဝခံစားနိုင်ကြပြီး ဤကဲ့သို့အလှူဒါနများကို ဆတက်ထမ်းပိုးလှူဒါန်းနိုင်ကြပါစေရန် ဆုမွန်ကောင်း တောင်းပါကြောင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အာခေါင်ကွဲ၊နှုတ်ခမ်းကွဲဝေဒနာရှင်များအတွက် အလှူငွေများအဖြစ် ကျော်သာကုမ္ပဏီလီမိတက်မှ ဦးဝင်းလွင်၊ မားသားထရေးဒင်း ကုမ္ပဏီ လီမိတက်မှ ဦးအောင်မြတ်နှင့် ဂရိတ်နိုင်းကုမ္ပဏီလီမိတက်မှ ဦးအိုက်လင်းတို့က ငွေကျပ်၃၀၀၀၀၀စီ၊ ဝင်းနားဘရားသား ငါးကန်လုပ်ငန်းမှ ဦးသက်အောင်က ငွေကျပ် ၂၅၀၀၀၀၊ ပုဂံဟိုတယ်မှ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ်၊ လှိုင်မြို့နယ်မှ ဒေါ်ရန်တီနှင့် လမ်းမတော်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဦးကြီးမြတ် - ဒေါ်လှဲ့လှဲ့ဦးတို့က ငွေကျပ် ၁၀၀၀၀၀စီ၊ ရှင်စောပုဟိုတယ်မှ ဒေါ်အေးသိန်းနှင့် လသာမြို့နယ်မှ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များက ငွေကျပ် ၅၀၀၀၀ စီ၊ ပီအမ်ဂျီကုမ္ပဏီမှ ဦးမင်းအောင်က ငွေကျပ် ၁၀၀၀၀၀ နှင့် အမ်ဒဗလျူတီစီကုမ္ပဏီမှ ဦးအောင်မိုးကျော်တို့က ငွေကျပ်၁၅၀၀၀၀တို့ကို ပေးအပ် လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင်များအား ခွဲစိတ်ကုသမှုများအတွက် ပံ့ပိုးငွေများကို ဆေးရုံအုပ်ကြီးဒေါက်တာမောင်မောင်ကြီးအား လည်းကောင်း၊ အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ခွဲစိတ်ကုသပေးသော ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအားလည်းကောင်းပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး၊တိုင်းကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာလှမြင့်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပံ့ပိုးငွေပေးအပ်

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများသည် လူနာဆောင်ရှိ ခွဲစိတ်ကုသပြီး အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ဝေဒနာရှင်များနှင့် ခွဲစိတ်ကုသရန် ကျန်ရှိသော ဝေဒနာရှင်များအား သွားရောက်ကြည့်ရှုအားပေးကြပြီး ပံ့ပိုးငွေများ ပေးအပ်ကြသည်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဆောင်ရွက်မှုဖြင့် ယခုအကြိမ်တွင် အာခေါင်ကွဲ၊နှုတ်ခမ်းကွဲဝေဒနာရှင် ၃၀တို့အား ခွဲစိတ်ကုသပေးပြီး ၂၀၀၄ခုနှစ် အတွင်း စုစုပေါင်းဝေဒနာရှင် ၆၁ ဦး တို့အား ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

✧ နာဂရီးရာမှ

ဒုတိယဗိုလ်မှူးကြီးရူစံကြူးက အသေးစိတ် ရှင်းလင်းပြသသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် လဟယ်မြို့ တပ်ရင်းဧည့်ရိပ်သာ၌ ပွဲတော်ကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ပြပွဲကျင်းပရေး တာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ရူစံကြူးက ရိုးရာပွဲတော်ကျင်းပရေး စီစဉ်ထားရှိမှုကိုလည်းကောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းမှ ဒုတိယအထွေထွေ မန်နေဂျာ ဦးရဲမြင့်က နိုင်ငံခြားသား ဧည့်သည်များနှင့်ပတ်သက်၍ ပြင်ဆင်ထားမှုကိုလည်းကောင်း၊ ဒိုင်းမွန်းပဲလေ့စ်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းသန်းက သယ်ယူပို့ဆောင်ရေး၊ ကျွေးမွေးရေးကိစ္စများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေးသည်။

(သတင်းစဉ်)

သစ်တောပညာရှင်အဖွဲ့ နှီးနှောဖလှယ်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ သစ်တောပညာရှင်အဖွဲ့ ပဉ္စမနှစ်ပတ်လည် သုတေသန နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ အစီအစဉ်ကို သစ်တောဦးစီးဌာန တော်ဝင်ခန်းမ၌ ယနေ့ဆက်လက်ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေးသည်။

သုတေသန နှီးနှောဖလှယ်ပွဲ၌ နံနက်ပိုင်း သဘာပတိအဖြစ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ဆောင်ရွက်ပြီး စာတမ်းရှင်များက သုတေသန စာတမ်းငါးစောင်ကို ဖတ်ကြားတင်သွင်းကြသည်။ မွန်းလွဲပိုင်း သဘာပတိအဖြစ် သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းကြည် (၁)က ဆောင်ရွက်ပြီး စာတမ်းရှင်များက သုတေသနစာတမ်းသုံးစောင်ကို ဖတ်ကြားတင်သွင်းကြသည်။

သုတေသနနှီးနှောဖလှယ်ပွဲတွင် တင်သွင်းသော သုတေသနစာတမ်းများအနက် ဒေါက်တာစန်းဝင်း၏ "သင့်တော်သောသီးနှံ သစ်တော ရောနှောစိုက်ပျိုးသော စိုက်ပျိုးနည်းစနစ်များ ဖော်ထုတ်ရန်အတွက် မြန်မာနိုင်ငံရှိ တောင်ပေါ်တိုင်းရင်းသားများက ကျင့်သုံးလျက်ရှိသောရွှေ့ပြောင်းတောင်ယာအမျိုးမျိုးကိုလေ့လာခြင်း" စာတမ်းကို အကောင်းဆုံးစာတမ်းအဖြစ် ဂုဏ်ပြုဆုချီးမြှင့်ပြီး ကျန်စာတမ်းရှင်များအားလည်း ဂုဏ်ပြုဆုချီးမြှင့်သည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် စက်မှုဇုန် အမှတ်(၁၊၂၊၃)တို့ ပူးပေါင်း၍ စက်မှုဇုန်များ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်ဖြင့် အခြေခံမီးသတ်ပညာသင်တန်း ၁/၂၀၀၄ ဖွင့်ပွဲကိုဒီဇင်ဘာ၂၀ရက်က အမှတ်(၂)စက်မှုဇုန် စီမံခန့်ခွဲရေးရုံးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင် အဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

စာပေဆုရ စာရေးဆရာ၊ ဆရာမကြီးများအား ဂါရဝပြု

ရန်ကုန် ဇန်နဝါရီ ၈

အမျိုးသားစာပေဆုရ စာရေးဆရာ မောင်မောင်ထွန်းအောင်(ကျန်းမာရေး)က ယခုနှစ် အမျိုးသား စာပေဆုရ စာရေးဆရာကြီး မောင်သစ္စာနှင့် ဆရာမကြီးမကြန် အပါအဝင် နိုင်ငံတော်အဆင့် စာပေဆုရ စာရေးဆရာငါးဦးတို့အား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မရမ်းကုန်းမြို့နယ် ရွှေဘဲစားတော်ဆက် ပုလဲခန်းမဆောင်၌ ဒီဇင်ဘာ ၁၉ ရက် ညနေ ၅နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဆရာမောင်မောင်ထွန်းအောင် (ကျန်းမာရေး)က ကန်တော့ခံ စာရေးဆရာကြီး မောင်သစ္စာအား ဂါရဝပစ္စည်းဖြင့် ပူဇော်ကန်တော့သည်။**(အပေါ်ဝဲပုံ)**(က-ပ)

နဝဒေးတံတား(ပြည်)ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဇန်နဝါရီ ၈

နဝဒေးတံတား(ပြည်) ရေလမ်းကြောင်းတွင်ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၄)နှင့်(၅) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း သတ်မှတ်ပေးထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇန်နဝါရီ ၈ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၅)နှင့် (၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၄)နှင့် (၅)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည် ဖြစ်သည်။

ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။ တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့်အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကွယ်လွန်သူမိဘနှစ်ပါးနှင့် အစ်ကိုကြီး၊ အစ်မကြီးများအားရည်စူး၍ အမှတ်(၄၆) သီတာလမ်း ကျောက်မြောင်း တာမွေမြို့နယ်နေ ဒေါ်ခင်မေရှိ မိသားစုက ဗီဝီတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်ရှိ ဆူးလေဘုရားလမ်း မီးရထားခုံးကျော်တံတား နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန်မြို့တော် သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်မှုလုပ်ငန်းများ တိုင်းမှူးနှင့် မြို့တော်ဝန် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်း သန့်ရှင်းသပ်ရပ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင်ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်း လင်းတို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်ရှိ ဆူးလေဘုရားလမ်း မီးရထား ခုံးကျော် တံတားအနီးသို့ ရောက်ရှိလာပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ယော ဓင်းကြီးလမ်းအကြားရှိ အလံပြဘုရား လမ်းအပိုင်းကို ခေတ်မီစက်ယန္တရား ကြီးများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုး လွှာ ခင်းကျင်းလျက်ရှိသည့် အခြေ အနေကို လည်းကောင်း၊ မီးရထား ခုံးကျော်တံတားအနီး အလံပြဘုရား လမ်းတစ်လျှောက် အမိုက်များ ရှင်းလင်းလျက်ရှိသည့် အခြေအနေ များကိုလည်းကောင်း၊ ပန်းဘဲတန်း မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဆူးလေ ဘုရားလမ်းထောင့် လမ်းဘေးလူသွား စင်္ကြံ ကွန်ကရစ်ကျောက်ပြား ခင်း ကျင်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ မဟာဗန္ဓုလလမ်းနှင့် ဆူးလေဘုရားလမ်းထောင့် လမ်းဘေး ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်း နေမှု၊ မဟာဗန္ဓုလလမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာတစ်လျှောက် အမှိုက်များ ရှင်းလင်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံရှေ့ရှိ လမ်းဘေး လူသွားစင်္ကြံ ကွန်ကရစ် ကျောက်ပြား များ ခင်းကျင်းလျက်ရှိသည့် အခြေ အနေနှင့် ခြံစည်းရိုးတစ်လျှောက် အမြင်တင့်တယ်စေရေး အလှပန်းပင် များ စိုက်ပျိုးထားရှိသည့် အခြေအနေ များကိုလည်းကောင်း၊ စမ်းချောင်းမြို့ နယ် ဗားကရာလမ်းကို ခေတ်မီ စက် ယန္တရားကြီးများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက် ရှိသည့် အခြေအနေနှင့် ဗားကရာ လမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာ အမှိုက်များ ရှင်းလင်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း နှင့် သစ္စာလမ်းဆုံရှိ ကမ္ဘာအေးစေတီ လမ်း လမ်းဘေးလူသွားစင်္ကြံ ကွန် ကရစ်ကျောက်ပြား ခင်းကျင်းလျက် ရှိသည့် အခြေအနေနှင့် စင်္ကြံအောက် ရေထွက်ပေါက်များပြုလုပ်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်း နှင့် ခေမာသီလမ်းဆုံရှိ ယခင်လခြမ်း အပိုင်းပတ်နေရာ၌ မီးပွိုင့်များတပ်ဆင် ၍ လမ်းဆုံပြုလုပ်လျက်ထားရှိသည့် အခြေအနေနှင့် လမ်းဘေးလူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြား ခင်းကျင်း လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက် ပိုင်း) မြို့နယ် မောင်းမကန်ကမ်းသာ လမ်း၏ ပင်လုံလမ်းမှ တိုးကြောင် ကလေး ချောင်းဖြတ်တံတားအထိ အရှည်ပေ ၂၂၉၀၊ အကျယ် ၄၈ပေရှိ လမ်းပိုင်းကို ပေ ၄၀၀ ဂဝံလမ်း ခင်း ကျင်းပြီးစီးသည့် အခြေအနေကိုလည်း ကောင်း၊ အရှည်ပေ ၆၀၀၊ အကျယ်ပေ ၃၀၊ ရှိလက်မရှိ တိုးကြောင်ကလေး ချောင်းဖြတ်ကွန်ကရစ်တံတား တည် ဆောက်လျက်ရှိသည့် အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန(လမ်း/ တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန် ရှိသူများက လိုက်လံရှင်းလင်းပြသကြ သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင် ခင်းကျင်းခြင်းလုပ်ငန်းများကို သတ် မှတ်စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီး စေရေး အလေးထားဆောင်ရွက်ကြရန် နှင့် စက်ယန္တရားကြီးများ စွမ်းအား ပြည့် အသုံးပြုနိုင်စေရေး တာဝန်ရှိသူ များက အမြဲမပြတ် စစ်ဆေးကြပ်မတ် သွားကြရန်မှာကြားပြီး တင်ပြချက်များ နှင့်ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုး ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉–၁–၂၀၀၅ (တနင်္ဂနွေနေ့)
၁၃၆၆ခုနှစ်၊ နတ်တော်လကွယ်(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀	၆။	အဆိုပြိုင်ပွဲ
၈:၂၀	၇။	ဂမုန်းရေလှောင်တမံ
၈:၃၀	၈။	International News.
၈:၄၅	၉။	Say it in English.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ပန်းမေတ္တာ (အပိုင်း–၁)**
၁၂:၂၀	၅။	မအီချောင်းတံတား
၁၂:၃၀	၆။	**မြန်မာဗီဒီယိုဇာတ်လမ်း "မယုံရင်ချစ်ကြည့်" (ကျော်ဟိန်း၊ညီနန္ဒ၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ–ကျော်ဇောလင်း)**
၂:၃၅	၇။	မြန်မာ့ရာပြည့်သမဝါယမ ဆွေးနွေးခန်း
၂:၄၅	၈။	International News.
၃:၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀	၃။	English for Everyday Use.
၄:၄၅	၄။	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၅:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅	၆။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
၅:၃၀	၇။	လက်ဆင့်ကမ်းပေး ဂီတတေး
၅:၃၅	၈။	တေးဂီတအစီအစဉ်
၅:၄၅	၉။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၅:၅၀	၁၀။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀	၁၁။	ညနေခင်းသတင်း
၇:၀၀	၁၂။	မိုးလေဝသအခြေအနေ
၇:၀၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ် (အပိုင်း–၄၆)**
၇:၄၅	၁၄။	**အချုပ်အခြာအာဏာ ခွန်ရှည်ကြာခိုင်မာစေမှုဒို့ရေးရှု "ဆည်မြောင်းတာမံ ပြည့်အားမာန်"(အပိုင်း–၂)**
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း–၈)**
	၁၉။	**မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

❀ ကျောဖုံးမှ

...တ်တော်လပြည့်နေ့မှ ပြာသိုလပြည့် ...ကျော် ၃ရက်၊ ဒီဇင်ဘာ ၂၆ရက်မှ ...န်နဝါရီ ၂၇ရက်အထိ ၃၃ရက်တိုင် ...ကျင်းပလျက်ရှိပြီး အဆိုပါ စာမေး ...ကြီးသို့ အာဂုံပြန်တွင် သံဃာတော် ...၂ပါးတို့ အာဂုံပြန် ဖြေဆိုလျက် ...ကြာ သဘောရေးဖြေတွင် သံဃာ ...တော် ၁၀၅ပါး ဝင်ရောက်ဖြေဆို ...တော်မူကြမည်ဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ...ရွေးချယ်ရေးစာမေးပွဲကြီး၌ တိပိဋက ...ရ ရွေးချယ်ရေး ဩဝါဒါစရိယ ...ရာတော်ကြီးများ၊ စာပြန်၊ စာ ...ထောက်၊ စာမ ဆရာတော်များ၊ ...ပြန်စာဖြေ သံဃာတော်များအား ...ွမ်းကွမ်းနှင့်အချိုရည်များ ဆက်ကပ် ...လှူဒါန်းလိုသော အလှူရှင်များသည် ...သံဃာတော်တစ်ပါးလျှင် အရဏ်ဆွမ်း ...ငွေကျပ် ၅၀၀၊ နေ့ဆွမ်းငွေကျပ် ...၀၀၀နှုန်းဖြင့် လည်းကောင်း၊ ငွေ ...ဒေသာပင် စိုက်ထူလှူဒါန်းလိုသော ...အလှူရှင်များသည် ငွေပေဒေသာပင် ...စ်ပင်လျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် ...လည်းကောင်း မဟာပါသာဏလိုဏ်ဂူ ...ိမ်တော်ကြီး တောင်ဘက်မုခ်ရှိ ...လှူမဏ္ဍပ်၌ လာရောက်ဆက်သွယ် ...လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ဆဋ္ဌမနေ့အဖြစ် ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၈

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲ ခင်းကျင်းပြသရေးဆပ်ကော်မတီတို့က ကြီးမှူးပြသသည့် ၂၀၀၅ခုနှစ် (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို ဆဋ္ဌမနေ့အဖြစ် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ဒဂုံ မြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ၌ ဆက်လက်ဖွင့်လှစ် ပြသ သည်။

ကြည့်ရှုလေ့လာ

ယနေ့ပြပွဲသို့ ယဉ်ကျေးမှုဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ လူမှုရေးအသင်းအဖွဲ့များ၊ ရန်ကုန် တိုင်းအတွင်းရှိ အခြေခံပညာအထက် တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းများမှ ကျောင်းသား၊ ကျောင်း သူများ၊ ရဟန်းရှင်လူ ပြည်သူများ လာရောက်ကြည့်ရှု လေ့လာကြ သည်။

အဆိုပါပြပွဲတွင် ဗဟိုပြကွက်၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဓာတ်ပုံနှင့် လွတ်လပ်ရေး နေ့နှင့် သက်ဆိုင်သည့် အဆိုအမိန့်၊ လူသားအစ မြန်မာက ပြကွက်၊ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ လွတ် လပ်ရေးရရှိခြင်း၊ လွတ်လပ်ရေး ထိန်းသိမ်း ကာကွယ်စောင့်ရှောက်မှု များပြကွက်၊ ရှုခင်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြကွက်၊ ရှုချင့်စဖွယ် အမျိုးသားယဉ်ကျေးမှု ရောင်စုံ ဓာတ်ပုံပြကွက်၊ ခေတ်မီ ဘက်စုံတည် ဆောက်ရေးမြင်ကွင်း ရောင်စုံဓာတ်ပုံ ပြကွက်၊ မျက်မှောက်ခေတ် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြနေသည့် ဝန်ကြီးဌာနပြခန်းများကို ကဏ္ဍ အလိုက် ပြသထားသည်။

ဆုချီးမြှင့်

ထို့ပြင် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်၏ Computer Quiz အစီအစဉ်ဖြင့် Teaching Contest with Audio Language Lab ပြိုင်ပွဲ၌ မြို့နယ်အသီးသီးရှိ အခြေခံ ပညာ အထက်တန်းကျောင်းများက ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲအပြီး တွင် ဆုရရှိသော ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက် တန်းကျောင်းအား ဆုများကို ချီးမြှင့် သည်။

ဝယ်ယူအားပေး

ပြပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန် စာအုပ် ဆိုင်နှင့် ပုဂ္ဂလိကစာအုပ်ဆိုင်များက လည်း စာအုပ်စာတမ်းများကို ဈေးနှုန်း သက်သာစွာဖြင့် ရောင်းချပေးလျက် ရှိရာ ပြပွဲလာပြည်သူများ ဝယ်ယူ အားပေးကြသည်။ အဆိုပါ ပြပွဲကို ဇန်နဝါရီ ၁၁ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ် ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု လေ့လာ နိုင်သည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းများအား ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ အသိပေး ရှင်းလင်းခြင်းနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၇ ရက်က မြို့နယ်အစည်းဝေးခန်းမတွင် ပြုလုပ်ရာ မြို့နယ်အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်သီဂီအောင် ရှင်းလင်းဆွေးနွေးစဉ်။ (၃၂)

✪(၅၇)နှစ်မြောက်မှ

ကျန်းမာချမ်းသာစေရန်နှင့် ရင်းနှီးချစ်ခင်ရသည့် မြန်မာပြည်... ကြီးပွားတိုးတက်စေရန် ဆန္ဒပြုအပ်ပါကြောင်း ဖော်ပြထားသည်။

အီဂျစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မ... ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အီဂျစ်အာရပ်သမ္မတ... သမ္မတ မဟ္မတာမိုဟာမက်ဟော့စနီမူဘာရက်ထံမှ ပေးပို့သော သဝဏ်လွှာ... ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျက်သရေအပေါင်းနှင့်ပြည့်စုံသော လွတ်... ရေးနေ့ အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း... အဆွေတော် ကိုယ်စိတ်နှစ်လုံး ရွှင်ပြုံးချမ်းမြေ့စေရန်နှင့် မြန်မာပြည်... တိုးတက်အောင်မြင်စေရန် ဆုတောင်းပတ္ထနာပြုအပ်ပါကြောင်း ဖော်ပြ... သည်။ (...

တရားတော်များ ချီးမြှင့်မည်...

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ... စကြာကျောင်းတိုက် ဦးစီးပဓာနနာယက(မဟာဓမ္မကထိက ဗဟုဇနဟိတ... ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇန်နဝါရီ ၁၆ရက်ည... လှည်းကူးမြို့ရိပ်သာ ရန်ကင်းရပ်ကွက် (၁)လမ်း၊ ၁၇ရက်ညတွင် တော... (၁၈)ရပ်ကွက် ကျွန်းရွှေမြိုင်လမ်း၊ ၁၈ရက်ညတွင် ကြည့်မြင်တိုင်မြို... ပန်းလှိုင်အိမ်ရာ၊ ၁၉၊၂၀၊၂၁ရက်ညများတွင် ညောင်တုန်းမြို့ ဥသျှစ်လှ... ၂၂၊၂၃ရက် ညများတွင် အရှေ့ကြို့ကုန်း (၅)လမ်း သီရိရတနာ... ၂၄ရက်ညတွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ဓမ္မရောင်ခြည်ဦး... ၂၅၊၂၆၊၂၇ရက် ညများတွင် ကျောင်းကုန်းမြို့ (၃)ရပ်ကွက် မြနန်းလို... ၂၈ရက် ညတွင် စမ်းချောင်းမြို့နယ် ဟုမ်းလမ်းရပ်ကွက် ပန်းလှိုင်အရဏ်... ဝတ်အသင်း၊ ၂၉ရက် ညတွင် ရွှေပြည်သာမြို့နယ် (လ/၁၃)ရပ်ကွက် မော်... လမ်း၊ ၃၀၊၃၁ရက်နှင့် ဖေဖော်ဝါရီ ၁ရက် ညများတွင် ဒေါပုံမြို့နယ် ဇေယျ... ရပ်ကွက် (၅)လမ်းတို့တွင် ထေရဝါဒဗုဒ္ဓအဆုံးအမတရားတော်များ ဟော... တော်မူမည်ဟု သိရသည်။ (က...

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့န... ရွှေတောင်ကြား(၁)ရပ်ကွက် ... ဝတ်မှုံ အမှတ်–၇၀ (အီး)... သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်း... မွေးနေ့အထိမ်းအမှတ်အဖြစ် ... ပဒေသာပင် ငွေကျပ်တစ်သိန်... နှင်းဆီကုန်း ဘိုးဘွားရိပ်... အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေ... ဗိုလ်မှူးအောင်သန်း (ငြိမ်း)... ပေးအပ်လှူဒါန်းစဉ်။

(က...

ကျန်းမာရေးဆိုင်... သုတေသနညီလာ... ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ကျန်းမာရေး ဝန်ကြီးဌာ... မြန်မာနိုင်ငံ ကျန်းမာရေးဆ... သုတေသနညီလာခံကို ဇန်... ၁၄ရက်မှ ၁၉ရက်အထိ ဆေး... သနဦးစီးဌာန (အောက်မြန်မာ... ကျင်းပမည်ဖြစ်ရာ သုတေ... စာတမ်းပေါင်း အစောင် ၇... ပိုစတာ ၁၃ခုကို ဖတ်ကြားတင်... မည်ဖြစ်ပြီး ယင်းသုတေသန ညီ... သို့ စာတမ်းရှင်များ၊ သုတေသီမ... စိတ်ပါဝင်စားသူ မည်သူမဆို ... ရောက်ကြရန် နှိုးဆော်ထားသ... (သတင်...

ထားဝယ်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၈

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်လိုက်ပါလျက် ဇန်နဝါရီ ၃ရက် နံနက် ၇နာရီက ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် မြို့ပတ်လမ်း ထပ်ပိုးကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်သန်းက မြို့ပတ်လမ်း ထပ်ပိုးကတ္တရာလမ်းသစ် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများအား လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဆက်လက်၍ ထားဝယ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်သန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကတ္တရာလမ်းသစ် တစ်လျှောက် ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါကတ္တရာလမ်းသစ်မှာအရှည် ပေ ၃၁၀၀နှင့် အကျယ် ၁၈ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၃၇၈၇၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ထားဝယ်မြို့ရှိ လောကမာရဇိန်ဘုရားကြီးသို့ ရောက်ရှိပြီး ထားဝယ်မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးသည် ထားဝယ်မြို့ နှစ် (၂၀၀)ပြည့် အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို လည်းကောင်း၊ ထားဝယ်မြို့ သုနာပြုသင်တန်းကျောင်းသို့လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

အစီအစဉ်အရ ထားဝယ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုက ဒေသဝမ်းစာဖူလုံရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးက တင်ပြချက်များအပေါ် တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် ထားဝယ်မြို့ ရောင်ကွင်းလမ်း ဖောက်လုပ်မည့် လမ်းအကြောင်းနှင့် အဆိုပါလမ်းပေါ်တွင် အကျယ်ပေ ၃၀၊ အရှည် ၁၅ ပေရှိ အမှတ် (၁) သံကူကွန်ကရစ်တံတားတည်ဆောက်မည့် နေရာသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

အဆိုပါ မြို့ရောင်လမ်းသည် အရှည် ပေ ၆၂၅၀၊ အကျယ်ပေ ၇၀ရှိ မြေသားလမ်းပေါ်တွင် အကျယ် ၂၄ပေ ကတ္တရာခင်းလမ်းအဖြစ် ဖောက်လုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင် ၁၀ လမ်း ဗဟိုလမ်း မေတ္တာဝါဒီ ဟာသ်ာတ (ပရဟိတ)ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ (အစိုးရဓမ္မာစရိယ) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ရန်ကုန်တိုင်း သံဃနာယကဥက္ကဋ္ဌ(မဟာဒွါရ)ထံ ဦးဝင်းကို-ဒေါ်ရီရီမိသားစု အမှတ်(၄၄) (၃)လွှာ ငုက်ပျောတောလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မှ မဟာသိမ်တော်ကြီးနှင့် ကိုးထပ် ကျောင်းဆောင်တော်ကြီး ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှားသွား

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၅ခုနှစ် ဇန်နဝါရီ ၇ ရက် မြန်မာစံတော်ချိန် ၂၂နာရီ ၂၀မိနစ် ၅၆စက္ကန့် အချိန်တွင် မန္တလေး မြေငလျင် စခန်း၏ အရှေ့မြောက်ဘက် မိုင် ၂၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(သတင်းစဉ်)

ဗုဒ္ဓဂယာသို့ သာသနာပြုခရီး ကြွချီတော်မူမည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မင်္ဂလာတောင်တော်ဦး မင်းကွန်းကျောင်း ဆရာတော် ဒဂုံမြို့သစ်အရှေ့ပိုင်း (၁၃)ရပ်ကွက် ရှင်ထွေးညိုလမ်း သုခမာရ်အောင်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ထေရဝါဒဗုဒ္ဓသာသနာ တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တကေသရသည် ဇန်နဝါရီ ၉ရက်တွင် အိန္ဒိယ၊ နီပေါ၊ ဗုဒ္ဓဂယာသို့ သာသနာပြုခရီးစဉ် ကြွချီတော်မူဖြစ်ပြီး ဆရာတော်ကြီးနှင့်အတူ ရန်ရှင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးသန်းထွန်းလည်း လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း အမှတ် (၁၉)နေ ဦးတင်ဆောင်-ဒေါ်တင်တင်မြင့် မိသားစုတို့က ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး တိပိဋကကျောင်းတော်၏ တိုးချဲ့ ခုနစ်ထပ် ကျောင်းတော်ကြီးဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ငါးသိန်းကို တိပိဋကဆရာတော် ဘဒ္ဒန္တဝိနယထံမှ အနုမောဒနာ နာယူပြီး ရေစက်ချ၍ တိ=နီ ရန်ကုန်ဌာန အမှုဆောင် ဒေါ်ခင်ညိုထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ချင်းပြည်နယ် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်း၊ ခရိုင်၊ မြို့နယ်အတွင်းရေးမှူးများလိုက်ပါပြီး ဒီဇင်ဘာ ၂၉ရက်တွင် ဟားခါးမြို့ သီဖုးလ်ကျေးရွာသို့ ရောက်ရှိပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မတည်ငွေကျပ် ၁၅သိန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၅သိန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကူညီပံ့ပိုးသော မီးကြိုးပေ ၁၄၀၀၀ တို့ဖြင့် ဆောင်ရွက်သည့် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှတို့က အမှာစကား အသီးသီးပြောကြားကြပြီး ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံကို ချင်းပြည်နယ် နယ်မြေတာဝန်ခံ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် သူရအောင်ကို၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှနှင့် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို နယ်မြေတာဝန်ခံ ဗိုလ်မှူးချုပ် သူရအောင်ကိုက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၃၀ရက်တွင် မော်တော်ယာဉ်များဖြင့် သီဖုးလ်ကျေးရွာမှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာလာပြီး ဟားခါးမြို့မှတစ်ဆင့် ဖိုင်ဖာ(ခ)ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအတွင်းရှိကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံ အတွက်လိုအပ်သော ဂျင်နရေတာနှင့် ဆက်စပ်ပစ္စည်းများလွှဲပြောင်း ပေးအပ်သော အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှတို့က အမှာစကားပြောကြားကြသည်။

(သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် ခထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဇန်နဝါရီ ၁၀ရက်(တနင်္လာနေ့)တွင် မန္တလေးမြို့ ခင်မကန်တိုက် မိုးတားကျောင်း(သစအ) ဓမ္မာစရိယ (ဝင်္ံသကာ) ဒီဃနိကာယ ပါဠိပါရဂူ၊ အဂ္ဂမဟာဓမ္မကထိက ပိဋကတ္တယ ပါရဂူ မဟာဓမ္မကထိက ဗဟုဇနဟိတ ဓရ၊ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ သုရိယာဘိဝံသကလည်းကောင်း၊ဇန်နဝါရီ ၁၁ရက်တွင် စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ သပိတ်အိုင်တောရ သဲကုန်း ဆရာတော် အရှင် ဒေါက်တာ ဉာဏိဿရ(D.Litt) သီတဂူဆရာတော်က နေ့စဉ် ည ၇နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်ပြိုင်ပွဲဝင်အသင်းများ ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၅ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၄ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပထမအကြိမ် အရှေ့တောင်အာရှ မြားပစ်တံခွန်စိုက်ပြိုင်ပွဲသို့ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ Mr. Sanguan Kosavinta နှင့် အဖွဲ့ဝင် သုံးဦးသည် ယမန်နေ့ ညနေ ၆နာရီ ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Sanguan Kosavinta အား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အလားတူ ယမန်နေ့နံနက် ၁၁နာရီ ၁၅မိနစ်တွင် မလေးရှားနိုင်ငံမှ Mr. Baharuddin Jamil နှင့် ဂျူရီအဖွဲ့ဝင် လေးဦး၊ အုပ်ချုပ်သူ နည်းပြနှင့် အားကစားသမား ၁၃ ဦးတို့သည် လည်းကောင်း၊ နံနက် ၁၁နာရီ ၄၅မိနစ်တွင် စင်ကာပူနိုင်ငံမှ Mr. Hoong Saumui နှင့် ဒိုင်အဖွဲ့ဝင် တစ်ဦး စုစုပေါင်း အားကစားအဖွဲ့ဝင် ၁၉ဦးတို့သည် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်ပအားကစားရေးရာဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထွဋ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပထမအကြိမ် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲ ဒိုင်လူကြီးများ ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

1st South East Asia Archery Judges Seminar ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အိုလံပစ်ဟိုတယ်၌ ကျင်းပရာ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Sanguan Kosavinta က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

(ယာပုံ)

အဆိုပါ ဆွေးနွေးပွဲတွင် အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့မှ ဒိုင်လူကြီး ၂၀ တို့အား အဆင့်မြင့်အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ ဖြစ်လာရေးအတွက် ဇန်နဝါရီ ၉ရက်အထိ ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။ (သတင်းစဉ်)



အစဉ်သတိပြုကာကွယ် မီးဘေးအန္တရာယ်

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ ပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ခန္တီ၊ သစ္စာ၊ သာသနာဆီမီး ၉၀၀၀ အဖွဲ့က နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၇)ကြိမ်မြောက် ဆီမီး၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ရက်တွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တော်၌ ကျင်းပသည်။ **(ယာပုံ)**

ဖျော်ဖြေတင်ဆက်

ယင်းသို့ကျင်းပရာ၌ အဆိုပါနေ့ ညနေ ၃နာရီတွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ကန်တော့ပွဲများဖြင့် လှူဒါန်းပြီး ဓမ္မစကြာဝတ်အဖွဲ့ဝင်များက ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်၍ ကရင်ဒုံးယိမ်းအဖွဲ့က ဖျော်ဖြေတင်ဆက်သည်။

ဇန်နဝါရီ ၁ရက် နံနက် ၃နာရီတွင် ဓမ္မစကြာဝတ်အဖွဲ့က ပရိတ်တရားတော်များဖြင့် ရွတ်ဖတ်ပူဇော်ပြီး ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ခန္တီ၊ သစ္စာ၊ သာသနာဆီမီး ၉၀၀၀ အဖွဲ့၏ နာယက ရင်ပြင်တော်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒိယ ကြီးမှူးသည့် သံဃာတော်များက အနေကဇာတင်၍ သံဃာတော်များ၊ ဆီမီး ၉၀၀၀ အဖွဲ့ဝင်များနှင့် ဘုရားဖူးများက စေတီတော်မြတ်ကြီးအား ဆွမ်းပွဲ ၉၀၀၀၊ ရေချမ်း ၉၀၀၀၊ မေမြို့ပန်း အဖြူ၉၀၀၀ဖြင့် ပြုလုပ်ထားသော ပန်းဆိုင်းဘုတ်ကြီးနှင့် သစ်သီးအလှ ၁၀၈ ပွဲတို့ဖြင့် ကပ်လှူပူဇော်ကာ တရားနာယူကြသည်။

ထို့နောက် နံနက် ၅နာရီခွဲ တွင် သံဃာတော်များအား ရင်ပြင်တော်ကျောင်း၌ အရုဏ်ဆွမ်း ကပ်လှူ၍ နံနက် ၁၀နာရီတွင် သံဃာတော်များအား ဆီမီး ၉၀၀၀ ဓမ္မာရုံကြီး၌ နေ့ဆွမ်းကပ်ကြသည်။

ရေစက်ချအမျှပေးဝေ

ဆက်လက်၍ မွန်းလွဲ ၁နာရီတွင် ဂေါပကအဖွဲ့သို့ ရွှေစင်ရွှေပြားခြောက်ကျပ်သားအတွက် အလှူတော်ငွေကျပ် ၁၂၀၀၀၀၀၊ ရေသွယ်တန်းရေးအတွက် အလှူတော်ငွေကျပ် ၃၀၀၀၀၀၊ လျှပ်စစ်မီးပူဇော်ရန်အတွက် အလှူတော်ငွေကျပ် ၃၀၀၀၀၀နှင့် ဆီမီး ၉၀၀၀ ဓမ္မာရုံကြီးဘက်စုံ ပြုပြင်ရန်အတွက် အလှူတော်ငွေကျပ် ၃၀၀၀၀၀တို့ကို လှူဒါန်းပြီး ရင်ပြင်တော်ကျောင်း ပြုပြင်ရန်အတွက် အလှူတော်ငွေကျပ် ၁၅၀၀၀၀၊ ဆံတော်ရှင်ကျိုက်ထီးရိုးတောင်တော်ရှိ ဘုန်းတော်ကြီးကျောင်း ၅၆ကျောင်းအတွက် သင်္ကန်းဒွိစုံ တစ်စုံစီဖြင့် စုစုပေါင်းသင်္ကန်းဒွိစုံ ၅၆စုံ၊ ဆွမ်းဆန်တော် တစ်အိတ်စီဖြင့် ၅၆အိတ်၊ ဆီတစ်ပိဿာစီဖြင့် ၅၆ပိဿာ၊ ကုလားပဲ တစ်ပိဿာစီဖြင့် ၅၆ ပိဿာ၊ နဝကမ္မအလှူငွေများနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ ရေစက်ချအမျှပေးဝေကြသည်။

ထွန်းညှိပူဇော်

ယင်းနောက် ညနေ ၃နာရီတွင် ကရင်ဒုံးယိမ်းအဖွဲ့က ဖျော်ဖြေတင်ဆက်၍ ညနေ ၄နာရီတွင် ဓမ္မစကြာဝတ်အဖွဲ့ဝင်များက ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြပြီး ညနေ ၆နာရီတွင် ဆီမီး ၉၀၀၀၊ နံ့သာတိုင် ၉၀၀၀၊ ရောင်စုံလျှပ်စစ်မီးသီး ၉၀၀၀တို့ဖြင့် စေတီတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ အဖွဲ့ဝင်များနှင့် ဘုရားဖူးများက တစ်ပြိုင်နက် ထွန်းညှိပူဇော်ကာ အမျှပေးဝေကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီးပရိယတ္တိစာသင်တိုက်မှဆရာတော် ဘဒ္ဒန္တ ဝါရိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်၊ နောင်ကားရွာ ခမည်းတော် ဦးဝဏ္ဏဖြိန်း၊ မယ်တော် ဒေါ်နန်းပွန်တို့က ၁၂၈၁ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၇ရက်၊ (ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၃ ခုနှစ်တွင် တောင်ကြီးမြို့နယ်၊ နောင်ကားကျောင်း ဆရာတော် ဘဒ္ဒန္တဂန္ဓမာကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟာကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူပါသည်။ ၁၃၀၂ခုနှစ်၊ နယုန်လဆန်း ၂ရက်တွင် ပထမတောင်ကျောင်းကြီးတိုက် ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တသုနန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟာကိုပင် ခံယူတော်မူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် တောင်ကြီးမြို့နယ်၊ နောင်ကားကျောင်းဆရာတော် ပထမတောင်ကျောင်းကြီး ဆရာတော် ဘဒ္ဒန္တသုနန္ဒထံ၌ အခြေခံပရိယတ္တိကျမ်းစာများနှင့် ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ပထမလတ်တန်းကို အောင်မြင်တော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် တပည့်ရဟန်း သာမဏေတို့အား ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်း ပြဋ္ဌာန်းကျမ်းစာများကို ပအိုဝ်ဘာသာဖြင့် ပြန်ဆိုပို့ချတော်မူ၍လည်းကောင်း၊ မဟာဝဂ္ဂါဒ်ကျမ်းကို ပအိုဝ်း ဘာသာဖြင့် ရေးသားပြုစုတော်မူ၍လည်းကောင်း ဂိုဏ်းပေါင်းစုံ ပထမအကြိမ်မှစ၍ မြို့နယ်သြဝါဒါစရိယ၊ ပြည်နယ်သြဝါဒါစရိယ၊ နိုင်ငံတော်သြဝါဒါစရိယ အဖြစ်တို့ဖြင့် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည့် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တဝါရိန္ဒသည် ၁၉၉၃ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါအရ ၁၃၆၆ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ၆–၁–၂၀၀၅ (ကြာသပတေးနေ့) ညနေ ၄နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

မဟာဗောဓိစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဇန်နဝါရီ ၈

မွန်ပြည်နယ် ပေါင်မြို့နယ် မုကျိုကျေးရွာ ပေါ်တော်မူကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသော မဟာဗောဓိစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၆ခု ပြာသိုလဆန်း ၈ရက်မှ လပြည့်နေ့ (ဇန်နဝါရီ ၁၈ရက်မှ ၂၄ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ အလှူရှင်များအား ကြွရောက် ကြည်ညိုသဒ္ဓါပွားနိုင်ကြကြောင်း သိရသည်။ (က–ပ)

သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရွှေသင်္ကန်း ရေစက်ချပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြို့ သဃ်္ကန်းကျွန်းမြို့နယ်ရှိ သာသနာ့သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး၏ (၁၀၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း အလှူတော် ရေစက်ချပွဲကို ဖေဖော်ဝါရီ ၂၃ရက် (တပို့တွဲလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၂ရက်တွင် နှမ်းမနဲ့ထိုးပွဲကျင်းပ၍ လပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် စေတီတော်ကြီး မုခ်လေးမုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား နှမ်းမနဲ့များ ဆက်ကပ်လှူဒါန်းခြင်း၊ လုံးတော်ပြည့် ရွှေသင်္ကန်း အလှူရှင်များ စုပေါင်း၍ ရေစက်ချ တရားပွဲ ကျင်းပခြင်း၊ မွန်းလွဲ ၂နာရီတွင် ပင့်သံဃာတော်အပါး ၃၀၀နှင့် သီလရှင်အပါး၁၀၀တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရာတွင်လည်းကောင်း၊ နှမ်းမနဲ့ထိုးလှူဒါန်းရာတွင်လည်းကောင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူရာတွင်လည်းကောင်း ပါဝင်လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း–၅၆၅၄၅၂သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ရွှေတိဂုံဘုရားအလယ်ပစ္စယာ တနင်္ဂနွေထောင့် အမှတ်(၁၅) ထားဝယ်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ ဦးဉာဏဝံသက အလှူငွေကျပ် တစ်သိန်း သုံးထောင်ကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ဝေနေယျသုခ ရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့် အကြိုအထိမ်းအမှတ် ကျပ်သိန်း ၈၀တန်ဖိုးရှိ ရေအလှူဒါနများကို ပဲခူးမြို့သို့ သွားရောက်၍ ရေစက်ချလှူဒါန်းသည်။

ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်းသည် ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်ကြီးတွင် ကျပ်သိန်း ၄၀တန်ဖိုးရှိ သောက်ရေသန့်စက်များနှင့် ဂါလန် ၄၀၀ စတီးရေတိုင်ကီ၊ ကျပ် ၁၈သိန်းတန်ဖိုးရှိ ၁၈ပေအမြင့် သံရေစင်နှင့် ဂါလန်၄၀၀ စတီးရေတိုင်ကီ၊ ကျပ်ခုနစ်သိန်းတန်ဖိုးရှိ နှစ်လက်မ စက်ရေတွင်း၊ ကွန်ပရက်ဆာနှင့် ရေပိုက်လိုင်းများ၊ ကျပ် ၁၅သိန်းတန်ဖိုးရှိ ရေသန့်စက်ရုံ၊ ကွန်ပရက်ဆာ စက်ရုံငယ်နှင့် ဂါလန် ၆၀၀ကြွေပြားကပ် ကွန်ကရစ်ရေကန်၊ ၂၇ပေ x ၁၈ပေ ကွန်ကရစ်အခင်း စသည့် ရေအလှူဒါနများ လှူဒါန်းရေစက်ချပွဲကို ဒီဇင်ဘာ ၂၅ရက်နေ့ နံနက် ၁၁ နာရီတွင် ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနနာယကဆရာတော် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ ထံမှောက်တွင် ရန်ကုန်မြို့၊ ဝေနေယျသုခရေချမ်းစင်အသင်းဥက္ကဋ္ဌ ဦးကျော်သောင်း၊ ဒုတိယဥက္ကဋ္ဌ (ဘဏ္ဍာရေးမှူး) ဦးသိန်းဆောင်၊ အတွင်းရေးမှူး ဦးသိန်းတန်နှင့် အမှုဆောင်များ၊ အလှူရှင်များက ရေစက်ချလှူဒါန်းသည်။ (က–ပ)

ဒီဇင်ဘာ ၃ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် ဗိုလ်မှူးလှထူးအောင်(ငြိမ်း)–ဒေါ်စန်းစန်းမြင့်မိသားစု၊ C/18၊ သမိန်ဗရမ်းလမ်း၊ ရုံးတော်ရပ်ကွက် သန်လျင်မြို့က အလှူငွေကျပ် ၁၃၀၀၀၀ကို ဦးဌေးမြင့် (ဘဏ္ဍာရေးမှူး)သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သန်လျင်မြို့ ကျိုက်ခေါက်စေတီတော်ဗုဒ္ဓပူဇနိယပွဲ၌ ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

သန်လျင်မြို့ ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတွင် ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ခြင်းလုံးအလှခတ် ယှဉ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်မှ ၂၄ရက်အထိ ကိုးရက်တိုင် နေ့စဉ်မွန်းတည့် ၁၂နာရီမှ ည ၁၀ နာရီအထိ စေတီတော် အနောက်တောင်ထောင့်ရှိ ခြင်းလုံးခတ် စင်တော်၌ ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၃ရက်တွင် ခြင်းလုံးအသင်းများစုပေါင်း၍ ရွှေသင်္ကန်း ကပ်လှူမည်ဖြစ်ရာ မြန်မာပြည်တစ်ဝန်းမှ ခြင်းလုံးကော်မတီနှင့် ခြင်းလုံးအသင်းများ ပါဝင်ဆင်နွှဲလှူဒါန်းနိုင်ရန်အတွက် ဒုတိယရဲမှူးကြီးဝင်းမြင့် ဖုန်း ၀၁–၂၄၅၅၀၂၊ ဗိုလ်မှူးမောင်တင့်(ရေ) ဖုန်း ၀၁–၃၈၀၃၂၅၊ ဦးခင်မောင်မြင့် ဖုန်း ၀၁–၅၁၁၀၅၇၊ ဦးမျိုးမြင့် ဖုန်း ၀၁–၂၂၆၈၇၂၊ ဦးဟုတ်ဝမ် ဖုန်း၀၁– ၅၇၀၂၂၂တို့သို့ ဆက်သွယ်စာရင်းပေးနိုင်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ထောက်ပံ့သည့် စက်ဘီးကို ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေအား ပေးအပ်စဉ်။ (ရ-က-တ)

ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၅၀)သင်တန်းဆင်းပွဲ ကျင်းပ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယ ရဲအုပ်လောင်း သင်တန်း အမှတ်စဉ်(၅၀)သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇နာရီတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဗဟိုလေ့ကျင့်ရေးဌာန စစ်ရေးပြကွင်း၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီးရဲမှူးချုပ်ခင်မောင်၊ ညွှန်ကြားရေးမှူး (စီမံ/လေ့ကျင့်) ရဲမှူးကြီးဝင်းခေါင်၊ မန္တလေးတိုင်းအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းဆင်း ဒုတိယ ရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

စစ်ရေးပြအခမ်းအနားတွင် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူ၍ တပ်ခွဲများကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အနေးလျှောက်၊အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရကျောင်းသား အမှတ်(၁၅၁)ဒုတိယရဲအုပ်လောင်းရဲထွဋ်ဉာဏ်ပဒေ ထူးချွန်ဆုရ ကျောင်းသားအမှတ်(၁) ဒုတိယ ရဲအုပ်လောင်း ခင်မောင်မြင့်၊ စစ်ပညာထူးချွန်ဆုရ ကျောင်းသား အမှတ်(၆၂) ဒုတိယ ရဲအုပ်လောင်း လှမျိုးအောင်၊ သေနတ်ပစ်ထူးချွန်ဆုရ ကျောင်းသားအမှတ်(၅၅) ဒုတိယ ရဲအုပ်လောင်း ကိုမြင့်တို့အား ဆုများ ချီးမြှင့်သည်။

ထို့နောက် ရဲချုပ်က တပ်ဖွဲ့၏အစဉ်အလာကောင်းများကို သယ်ပိုးနိုင်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်ရန်အတွက် စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်ခိုင်မာအောင် ကြိုးစားရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိကတာဝန်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအပြင် နိုင်ငံတော် ကာကွယ်ရေး အရန်အင်အားတာဝန်ကိုပါ ထမ်းဆောင်နိုင်ရန် အတွက်အမြဲအသင့်ဖြစ်နေရေးလေ့ကျင့်တည်ဆောက်သွားရန်၊ အမျိုးသားရေးမူဝါဒကို ဦးထိပ်ထားပြီး နိုင်ငံတော်အတွက်စွန့်လွှတ်စွန့်စားသည့် နိုင်ငံ့သားကောင်းအဖြစ် တာဝန်ဝတ္တရားများကိုထက်ထက်မြက်မြက်ထမ်းဆောင်သွားကြရန်၊ အုပ်ချုပ်ရေး တံတိုင်း၊ ဖွံ့ဖြိုးရေး တံတိုင်း၊ စည်းရုံးရေး တံတိုင်းစ သည့် တံတိုင်းကြီးသုံးရပ်ဖြင့် နိုင်ငံတော်ကို ကာကွယ်တည်ဆောက်ရေးတွင် ကျရာကဏ္ဍမှ စွမ်းအားဖြည့် ပါဝင်ထမ်းရွက်ကြရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အနုစ်သာရ တိုးတက်ပြောင်းလဲရေးအတွက် ဆောင်ရွက်နေချိန်တွင် စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်ကျင့်တရား ကောင်းမွန်အောင် တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်သွားကြရန် မှာကြားပြီး သင်တန်းဆင်းပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀၄ဦးတို့တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းရှင်းလင်းပွဲကို ယမန်နေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ ကနောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် စီမံချက်ချ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထောက်ပံ့

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)က ထောက်ပံ့သည့် စက်ဘီး ၁၃စီးကို ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေအား ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌအား ရန်ကုန်မြောက်ပိုင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ခရိုင် အတွင်းရှိမြို့နယ်များမှ ရာသက်ပန် အသင်းဝင်အဆိုပြုလွှာအစောင် ၈၀၀ကို ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ လှမြင့်က အသင်း၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက အသင်း၏ ရှေ့ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းကြသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၃ရက်က ပုဗ္ဗန်တောင် မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် စုံညီပွဲတော် ဘက်စုံထူးချွန်ဆုပေးပွဲတွင် မြန်မာ့ ထုံးခလေ့ ပန်းချီ၊ ကာတွန်း ဆုရ သတ္တမတန်းကျောင်းသား မောင်စည်သူဟန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ရွှေညွန့် ဆုချီးမြှင့်စဉ်။ (က-ပ)

ဒေါ်လုမေအား ရည်စူး၍ ခြံအမှတ် ၂/ည ကျိုက်ဝိုင်း ဘုရားလမ်း သာယာအေးလမ်းသွယ်(၃) မရမ်းကုန်းမြို့နယ်နေ ဦးထွန်းအေး(ဒု-ညွှန်ကြားရေးမှူး-ငြိမ်း)မိသားစုက အလှူငွေ ကျပ်တစ်သိန်းငါးသောင်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ (၆)နှစ်ပြည့် အထိမ်းအမှတ်အဖြစ်လှူဒါန်းရာ ဘဏ္ဍာရေးအဖွဲ့ဝင် ဒေါ်ဒေဝီခင်က လက်ခံ ရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အာဆီယံရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၄ခုနှစ် ဒီဇင်ဘာ မြန်မာ့အသံ ရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်းသိကောင်းစရာများ အတွက် အာဆီယံဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက် ဖြေဆိုကြသည်။

ဖြေဆိုသူများအနက် ပထမဆုကို မသဇင်အေး (အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း)၊ ဒုတိယဆုကို ဒေါ်အေးမြင့် (မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း)၊ တတိယဆုကို မောင်ဖြိုးဝေအောင် (ပေါင်းတည်မြို့)၊ နှစ်သိမ့်ဆုကို မဆုရည်နှင်း (ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း)တို့က အသီးသီးရရှိပြီး ဆုများကို တာဝန်ရှိသူကပေးအပ်သည်။

ထုတ်လွှင့်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေဒီယို အစီအစဉ်မှ ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအကြောင်း သိကောင်းစရာများကို အပတ်စဉ် စနေနေ့နံနက် ၉နာရီ ၄၅ မိနစ်တွင် ထုတ်လွှင့်လျက် ရှိသည်။ လစဉ် ပြုလုပ်လျက်ရှိသော ASEAN Radio Quiz ပြိုင်ပွဲများမှ ဇန်နဝါရီအတွက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ရက် ၁၀နာရီတွင် ပြုလုပ်မည်ဖြစ်၍ ဖြေဆို လိုသူများသည် ယင်းနေ့နံနက် ၉ နာရီခွဲအရောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်သတင်းပို့ကြရန် ဖြစ်သည်။ စိတ်ပါဝင်စားသူမည်သူမဆို ပညာအရည်အချင်း၊ အသက်အရွယ် ကန့်သတ်ချက်မရှိ ဝင်ရောက်ဖြေဆိုနိုင်ကြောင်းနှင့် ထိုက်တန်သောဆုကြေးနှင့် စရိတ်ချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)



ဇန်နဝါရီ ၃ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၁၂)အခြေခံပညာ မူလတန်းလွန်ကျောင်း ပညာရေးစုံညီပွဲတော်တွင်သူငယ်တန်းမှ တတိယတန်း အထိ လေးနှစ်ဆက်တိုက် ပညာရည်ချွန်ပထမဆုနှင့် ယာဉ်အန္တရာယ်တားဆီး ရေး ပန်းချီပြိုင်ပွဲတတိယဆု၊ မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသားနေ့ မူလတန်းဆင့် စာစီစာကုံးပထမဆုရရှိသော စတုတ္ထတန်းမှ မောင်မြတ်မင်းဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စီ ဆုချီးမြှင့်စဉ်။ (က-ပ)

ဇန်နဝါရီ ၃ရက်က အထက(၄) ဗိုလ်တထောင်မြို့နယ် ပညာရေး စုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်း ပ ရာ ကျောင်း အုပ်ဆရာမကြီး ဒေါ်မြမြသိန်းနှင့် ထူးချွန်ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့် လှစ် ပေးကြစဉ်။ (က-ပ)



ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌအား စင်ကာပူနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.T.Jasudasen သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့အား ယမန်နေ့နံနက် ၁၁နာရီခွဲတွင် အသင်းချုပ်ရုံးခန်းသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်မြင့်မားလာအောင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် မြောင်းမြစံပြကွက် ဧက ၄၀၀ နွေစပါးစိုက်ခင်း ကြည့်ရှု

ပုသိမ် ဇန်နဝါရီ ၄

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာအနီး မြောင်းမြ–ပုသိမ်–အိမ်မဲကားလမ်းမဘေးရှိ မြောင်းမြမြို့ဝင် စံပြကွက် ဧက ၄၀၀ နွေစပါးစိုက်ခင်းသို့ ရောက်ရှိရာ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးမြှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့သည် နွေစပါးစိုက်ခင်းအတွင်း ၁၂ လက်မ၊ ၈ လက်မ၊ ၄ လက်မ ပန့်များဖြင့် ရေပေးသွင်းလျက်ရှိသော မြောင်းမြ စက်မှုဇုန်က တီထွင်ထုတ်လုပ်သည့် စက်သုံးဆီအစားထိုး သဘာဝဓာတ်ငွေ့ လောင်စာအသုံးပြု၍ မြင်းကောင်ရေ ၁၈ ကောင်အား ကူဘိုတာစက်များဖြင့် မော်တော်ကားအင်ဂျင် ရေတင်စက်များ၏ စက်စွမ်းအားပြည့် လည်ပတ်နေမှု၊ လိုအပ်သောရေကို အချိန်တို အတွင်း ပြည့်ဝစွာ ပေးသွင်းရရှိနိုင်မှု အခြေအနေများကို ကြည့်ရှုသည်။ ခရိုင်ဥက္ကဋ္ဌနှင့် မင်းမဟာ စက်မှုလက်မှု လုပ်ငန်းမှ ဦးမိုးကျော်စွာ၊ အင်ဂျင်နီယာ ဦးထွန်းထွန်းတို့က သဘာဝဓာတ်ငွေ့သုံး ရေတင်စက်များ၏ အကျိုးရလဒ်နှင့် သက်သာမှု၊ တောင်သူများ လုပ်ငန်း တွင်ကျယ်နိုင်မှုနှင့် သယ်ယူရွှေ့ပြောင်းရာတွင် လွယ်ကူမှု၊ ဆက်စပ်ပစ္စည်းများ ဈေးကွက်တွင် ရရှိနိုင်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။

(က–ပ)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် မြောင်းမြမြို့နယ် စံပြကွက်ဧက ၄၀၀ နွေစပါး စိုက်ကွင်းတွင် ရေပေးသွင်း လျက်ရှိသော မြောင်းမြစက်မှုဇုန်မှ တီထွင်ထုတ်လုပ်သည့် စက်သုံးဆီအစားထိုး သဘာဝဓာတ်ငွေ့ လောင်စာအသုံးပြု မြင်းကောင်ရေ ၁၈ ကောင်အား ကူဘိုတာစက်များကို ကြည့်ရှုအားပေးစဉ်။ (က–ပ)

ကွတ်ခိုင်မြို့၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ကွတ်ခိုင် ဇန်နဝါရီ ၇

ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေကျပ် ၅၁၂၀၀၀၀ ဖြင့်ဆောင်ရွက်ခဲ့သော ရပ်ကွက် (၃) အမက (၄) လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးကြီးမြင့်၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး စိုးညွှန့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ အမက(၄) လမ်းကတ္တရာလမ်းသစ်အပြင် (၁၀)မျက်နှာ ဘုရားလမ်း၊ ရပ်ကွက်(၃) ရုံးလမ်းတို့အား ကတ္တရာလမ်းအဖြစ် စည်ပင်ထည့်ဝင်ငွေကျပ် ၅၁၂၀၀၀၀၊ ပြည်သူ ထည့်ဝင်ငွေ ကျပ်သိန်း ၄၀ တို့ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ်စည်ပင်)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး သတင်းများ

မိုင်းတုံမြို့၌ ကျောက်ချောလမ်းဖွင့်ပွဲ ကျင်းပ

မိုင်းတုံ ဒီဇင်ဘာ ၃၁

မိုင်းတုံမြို့စည်ပင်၏ ၂၀၀၄–၂၀၀၅ ခုဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၁ ဒသမ ၂ သိန်းဖြင့် ဆောင်ရွက်ခဲ့သော မြို့မကွက်သစ်လမ်း အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေရှိ ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်က ယင်းလမ်းထိပ်မုခ်ဦးတွင် ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် မိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းအောင်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ မိုင်းတုံတပ်နယ်မှ တပ်မတော်အရာရှိများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။ **(နယ်စပ်စည်ပင်)**

ဇလွန်စည်ပင် ကတ္တရာလမ်းခင်း

ဇလွန် ဇန်နဝါရီ ၅

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအနက် အရှည် ၂၀၈၅ ပေ၊ အကျယ် ၁၈ ပေ ရှိ ဗိုလ်ချုပ်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအား ငွေကျပ် ၉၇ သိန်း အကုန်အကျခံ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်က လုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သုံးဆူတန်းရိပ်သာ တရားစခန်းဖွင့်မည်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၄

ကျောက်ပန်းတောင်းမြို့ သုံးဆူတန်း မဟာစည်ရိပ်သာ တရားစခန်းကို ရန်ကုန်မြို့ မဟာစည်သာသနာ့ ရိပ်သာကြီး၏ နာယကချုပ် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ ပြည်ပ သာသနာပြု ဆရာတော် ဘဒ္ဒန္တဇဋိလ (ပါဠိပါရဂူ) နှင့် သုံးဆူတန်းရိပ်သာ ပဓာနနာယက နယ်လှည့်ဓမ္မကထိက ဓမ္မာစရိယ ဆရာတော် ဦးသာဂရတို့ ဦးစီး၍ အမြဲတမ်းတရားစခန်းအဖြစ် ဇန်နဝါရီ ၁၀ ရက်မှ စတင် ဖွင့်လှစ်မည်ဖြစ်ရာ တရားအားထုတ်လိုသူများ ဖုန်း ၀၆၁–၅၀၃၇၀ သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။

(က–ပ)

ဒေသပေါင်းစုံနှင့် ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောင်ကားရွာ၌ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၁

၂၀၀၄–၂၀၀၅ ခုနှစ် ပဋ္ဌမအကြိမ်မြောက် ပအိုဝ်းဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလား အလွတ်တန်း ဒေသပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဆဋ္ဌမအကြိမ်မြောက် ကန်တော်ကြီးဒေသ ဥက္ကဋ္ဌဖလား ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက်က ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့နယ် ကျောက်တစ်လုံး နောင်ကားကျေးရွာတွင် ကျင်းပသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခမ်းထိ၊ ဒုတိယဥက္ကဋ္ဌ ဦးခင်ကျော်ညိုတို့က နောင်ကားရွာ ဘောလုံးကွင်းပွဲကြည့်စင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဘင်ခရာတပ်ဖွဲ့က ဦးဆောင်ပြီး ပအိုဝ်းဘောလုံးအဖွဲ့ ဥက္ကဋ္ဌအား ချီတက်အလေးပြုကြသည်။ **(ယာပုံ)** ပအိုဝ်း အမျိုးသားဘောလုံးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က အဖွင့်အမှာစကားပြောကြားကာ ရှမ်းပြည်နယ် (တောင်ပိုင်း) အား/ကာမှ ဦးတင်အေးက အမှာစကားပြောကြားသည်။ ၎င်းနောက် ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲကျင်းပရန် အလှူရှင်များက အလှူငွေ ကျပ် သိန်း ၆၀ ကို လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအောင်ခမ်းထိက လက်ခံရယူသည်။

အလွတ်တန်းဒေသပေါင်းစုံဘောလုံးပြိုင်ပွဲသို့ အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး အုပ်စုသုံးစုခွဲ၍ ကျင်းပသည်။ ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲသို့ အသင်း ၂၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး အုပ်စုရှစ်စုခွဲ၍ ကျင်းပကြောင်း သိရသည်။ (က–ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ လှိုင်လင်၌ ကျင်းပ

လှိုင်လင် ဇန်နဝါရီ ၅

လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကကြီးမှူးကျင်းပသည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်က မြို့နယ် အသင်း ရုံးခန်း၌ ကျင်းပရာ လှိုင်လင်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးရည်သန့်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်ပေးဒိုင်ချုပ် ဦးထွန်းငြိမ်က အမှတ်ပေးစည်းမျဉ်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင် ၁၃ ဦးတို့ယှဉ်ပြိုင်ကြရာ ပထမ မမေစိုးစန္ဒာကြည်၊ ဒုတိယ မချိုချစ်နွေး၊ တတိယ မောင်ကောင်းစံထွန်းတို့ရရှိပြီး ဆုများကို ခရိုင်တွဲဖက် အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် ဦးခင်မောင်ကြည်တို့က ချီးမြှင့်ပေးကြသည်။ **(ခရိုင်ပြန်/ဆက်)**

ဆွမ်ပရာဘွမ်မြို့၌ သန့်ရှင်းလှပရေးဆောင်ရွက်

ဆွမ်ပရာဘွမ် ဒီဇင်ဘာ ၃၀

ဆွမ်ပရာဘွမ်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဒေဝအောင် ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များသည် ဒီဇင်ဘာ ၁၁ ရက်က ဆွမ်ပရာဘွမ် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်များ ခုတ်ထွင်ခြင်း၊ အမှိုက်များ စနစ်တကျ သိမ်းဆည်းခြင်းကို ဆောင်ရွက်ကြသည်။

(ပြည်နယ်စည်ပင်)

သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပလျက်ရှိသော (၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အာဂုံပြန်ဆိုတော်မူနေကြသည့် သံဃာတော်များအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

(၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး လာရောက်ဖူးမြော်ကြည်ညို

ရန်ကုန် ဇန်နဝါရီ ၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပလျက်ရှိရာ ယင်းစာမေးပွဲ အာဂုံပြန်ဆိုပွဲသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတွင် လာရောက်ကြည်ညိုသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်သည် တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယ ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဝန်ကြီးသည် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အာဂုံပြန်ဆိုတော်မူနေကြသည့် သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။

(၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ၁၃၆၆ခုနှစ် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့ သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

သီရိလင်္ကာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ချန်ဒရိကာဘန်ဒရာ နိုက်ကေးကုမာရတွန်ဂါထံမှ ပေးပို့သော သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိ၏အစိုးရအဖွဲ့နှင့် ပြည်သူများကိုယ်စား ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ခိုင်မြဲသော ရင်းနှီးချစ်ကြည်မှုနှင့် မြင့်မားတိုးတက်လာသော ပူးပေါင်းဆောင်ရွက်မှုတို့သည် လာမည့်နှစ်များတွင် ဆက်လက်ရှင်သန်နေမည်ဟု ယုံကြည်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူများ တိုးတက်ကြွယ်ဝမှုရှိရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ဘူတန်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျစ်မီဆင်း(မ်)ဂီဝန်ချွတ်ထံမှ ပေးပို့သော သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ✪

ကျေးလက်စာကြည့်တိုက်ဖွင့်လှစ် ကျေးရွာရေရရှိရေး ဆောင်ရွက်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စီမံစမ်းရေသွယ်၍ ကျေးလက်ရေပေးရေးလုပ်ငန်းကို ပင်သာကျေးရွာ၌ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ရက်က စည်ပင်သာယာရေး အဖွဲ့ ဝန်ထမ်းများ၊ ကျေးရွာပြည်သူများ ပူးပေါင်း၍ ရေစုကန် တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (၄၂၄)

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဆီဆိုင်မြို့နယ် တောင်ရှေကျေးရွာ အုပ်စု တောင်းတပ်ရွာ မျိုးချစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၆ ရက်ကကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးညွန့်ရွှေ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ထွန်းနှင့် ဦးသူရိယတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ပြန်/ဆက်)

ဇန်နဝါရီလ ဒုတိယ ၁၀ရက်ပတ် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဇန်နဝါရီ ၈

ဘင်္ဂလားပင်လယ်အော်အနောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နှစ်ရက်ခန့် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန် ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖြစ်မြဲအောက် လျော့နည်းနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် လက်ရှိရေမှတ်များအောက် ၁၅စင်တီမီတာ(ပေဝက်ခန့်) ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် လက်ရှိရေမှတ်များအောက် ၁၅စင်တီမီတာ (ပေဝက်ခန့်) ကျဆင်းနိုင်သည်။